ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့၊ (10-5-2010) (ဗုဒ္ဓဟူး)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* စွေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးကုဏ်း၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်းတံတားများကို ရေရှည်ခိုင်ခံ့ သေသပ်စေရန် အလေးဂရုပြုရမှာဖြစ်
ငွေကြေးနှင့်ပစ္စည်းများ အလေအလွင့်အပြုန်းအတိမ်းမရှိစေရန် စနစ်တကျထိန်းသိမ်းရန်အရေးကြီး
မည်သည့်သဘာဝဘေးအန္တရာယ်ကိုပင်ဖြစ်စေ ရင်ဆိုင်ဖြေရှင်းနိုင်အောင် ပြင်ဆင်ဆောင်ရွက်ထား
ဒုတိယပိုလ်ချုပ်မှူးကြီးဟောင်အေး ရောဝတီတိုင်းအတွင်း တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးသွား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယပိုလ်ချုပ်မှူးကြီးမောင်အေး ရာဇဂိုဏ်တံတား အမှတ်(၁) တည်ဆောက်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယပိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းအတွင်း တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယပိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယပိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယပိုလ်ချုပ်ကြီးဘဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယပိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၇ နာရီခွဲတွင် ရုတ်ယာဉ်များဖြင့် ရောဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်ရှိ ရုံးဒေါင့်ကျေးရွာသို့ ရောက်ရှိကြသည်။

ဒုတိယပိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ပိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ကြေးမုံ The Mirror ၁၀-၅-၂၀၁၀ (တနလ်ာနေ့)

ကျန်းမာပျော်ရွှင် ပတ်ဝန်းကျင် ဖန်တီးတည်ဆောက်

မျက်မှောက်ကမ္ဘာတွင် နိုင်ငံများအားလုံးက ဆင်းရဲနွမ်းပါးမှု လျော့ကျလာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားလာရေးတို့အတွက် ကြိုးပမ်းနေကြပြီ။ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်နှင့်အညီ ငါးနှစ်အောက် ကလေးသေဆုံးမှုလျော့ချရေး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကျန်းမာရေးအခြေအနေ ပိုမိုကောင်းမွန်ရေး၊ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်နေကြပေပြီ။

မြန်မာနိုင်ငံတွင် မွေးကင်းစကလေး သေဆုံးမှုလျော့ချရေး၊ ငါးနှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု လျော့ချရေး၊ HIV/AIDS စသည့်ရောဂါများ တိုက်ဖျက်ရေးကြိုးပမ်းလျက်ရှိသည်။ ဘက်စုံမျိုးဆက်တွား ကျန်းမာရေးနည်းများနှင့် ဝန်ဆောင်မှုများ တိုးတက်ရေးတို့ကိုလည်း အကောင်အထည်ဖော်နေသည်။ မျိုးဆက်တွားကျန်းမာရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းရေးဆွဲ၍ ဆက်လက်ဖော်ဆောင်နေသည်။

မျိုးဆက်တွားကျန်းမာရေးသည် လူစွမ်းအားဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ရာ မိခင်တိုင်းက အလေးထားကြရပေမည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက် ဆောင်ရွက်ပေးလျက်ရှိသည်။

ကလေးသူငယ်များသည် အနာဂတ်၏ ရတနာများဖြစ်ရာ ကလေးသူငယ်များ၏ ပညာရည်မြင့်မားဖွံ့ဖြိုးတိုးတက်ရေး အားပေးဖော်ဆောင်နေသည်။ ထို့အပြင် အမျိုးသမီးများ ဘဝလုံခြုံရေးကဏ္ဍတွင် အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပြုစုပျိုးထောင်ရေးတို့ကိုလည်း သက်ဆိုင်ရာဌာနများနှင့် လက်တွဲကြိုးပမ်းနေကြပြီ။

ကမ္ဘာနှင့်အဝန်း HIV/AIDS ရောဂါတားဆီးတိုက်ဖျက်ရေး ဂရုပြုလုပ်ဆောင်နေကြသည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဘဝရှင်သန်လှုပရှေးနှင့် အသက်ဆက်လက်ရှင်သန်ရေးသည် အဆိုပါကူးစက်ရောဂါဆိုးကြောင့် ဆိုးရွားသောအခြေအနေများ တွေ့ကြုံနေရဆဲဖြစ်သည်။ မျိုးဆက်တွားအရွယ် အမျိုးသမီးများသေဆုံးမှု၏ အဓိကအကြောင်းအရင်းသည် AIDS ရောဂါကြောင့်ဖြစ်ကြောင်း သိရသည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါသည် ပြည်သူတို့၏ ကျန်းမာရေးကို သာမက လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုတို့ကိုပါ ထိခိုက်စေသည်ဖြစ်ရာ ရောဂါကာကွယ်တားဆီးတိုက်ဖျက်ရေး အသိပညာပေးခြင်း၊ ထိရောက်စွာစစ်ဆေးကုသခြင်းများ တိုးမြှင့်ပြုလုပ်ကြရပေမည်။ တစ်ချိန်တည်းတွင် မျိုးဆက်တွား ကျန်းမာရေး အသိပညာပေးမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာပျော်ရွှင်ဖွယ် လူမှုပတ်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်သွားနိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရောဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း တိုင်းမှူး ပိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၈ ရက်တွင် ပခုက္ကူမြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရောဝတီတံတား(ပခုက္ကူ) စီမံကိန်းသို့ ရောက်ရှိစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်ခဲ့ တံတားစီမံကိန်းလုပ်ငန်းအဖွဲ့(၃)မှ အင်ဂျင်နီယာချုပ်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း လုည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းအချိန်ပြီးစီးရေးနှင့် လုပ်ငန်းခွင်လုံခြုံမှုရှိစေရေးတို့အတွက် တာဝန်ရှိသူများထံ မှာကြားသည်။ ဆက်လက်ပြီး တိုင်းမှူးသည် ပခုက္ကူမြို့ ရဲတံခွန်းမြို့နယ် ပခုက္ကူတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကာ လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် တိုင်းမှူးသည် တပ်ရင်း၊ တပ်ဖွဲ့များသို့ ချီးမြှင့်ငွေခွန့်ပစ္စည်းများ ပေးအပ်ခဲ့ပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ကတ္တရာလမ်း တည်ဆောက်ခြင်းလုပ်ငန်း ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် မေ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင်က တာဝန်ယူတည်ဆောက်နေသော တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း မိုင်တိုင်အမှတ်(၀/၁)သို့ ရောက်ရှိပြီး လမ်းအင်ဂျင်နီယာပြည်မီစေရန် လမ်းခင်းကြတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်အမှတ် (၀/၂)ရှိ လမ်းစနစ်ချင်းလင်း ဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်က လမ်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မိုင်တိုင်အမှတ် (၀/၃)နှင့် (၀/၄)ကြားရှိ လမ်းကြတ်စက်ဖြင့် ကျောက်ခဲကြိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၁/၅) နှင့် (၁/ ၆)ကြားရှိ ဂျိုးဖြူပိုက်ကို ဖြတ်ကျော်တည်ဆောက်မည့် တံတားနေရာ၊ မိုင်တိုင်အမှတ် (၂/၃)၌ ကျောက်များခဲကြိတ်နေမှု၊ မိုင်တိုင်အမှတ် (၆/၂) နှင့် (၆/၃)ကြားရှိ မြေညှိစက်နှင့် မြေသိပ်စက်များကို အသုံးပြု၍ လမ်းသားအောက်ခံမြေ ပြုပြင်ခင်းကြိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၈/၃)၌ တံတားတည်ဆောက် မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းများ၊ တံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ထို့နောက် မိုင်တိုင်အမှတ် (၁၀/၂)ရှိ လမ်းစခန်း ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာချုပ်နှင့် တာဝန်ခံအင်ဂျင်နီယာများအား တွေ့ဆုံကာ လမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုက်ကြီး - ဖောင်ကြီး - ပဲခူးလမ်းတွင် လမ်းသားအောက်ခံမြေပြုပြင်ခင်းကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

(ဆောက်လုပ်ရေး)

လိုက်လံစစ်ဆေး

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အပြောင်ကျေးရွာတွင် (၆၃) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၃ ရက်က အပြောင်ကျေးရွာအတွင်းရှိ အိမ်များ မီးသုံးစွဲမှု မီးဘေးကြိုတင်ကာကွယ်ထားရှိမှုနှင့် ရေရရှိမှုတို့ကို ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လိုက်လံစစ်ဆေးစဉ်။ (၅၄၀)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

Innwa Computer မှ ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ် အထူးဈေးရောင်းပွဲ ကျင်းပ

ရန်ကုန် မေ ၉

Innwa Computer Sales & Service Centre က ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့်၌ ကွန်ပျူတာအရောင်းဆိုင်သစ်ကို ထပ်မံဖွင့်လှစ်ထားပြီး ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဧပြီ ၂၉ ရက်မှ ဇူလိုင် ၂၉ ရက်အတွင်း ဝယ်ယူအားပေးသော Customer များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည့်အပြင် Lucky Draw ကံစမ်းမဲ အစီအစဉ်များကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။

Innwa Computer အရောင်းဆိုင်များတွင် Speakers, LCD Monitors, Desktop Computer, Hard Disks, Motherboards, Graphics Cards, Scanners, Printers, Memory, Camera Memory Cards, Processors နှင့် Accessories များကို အထူးလျော့ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး မည်သည့် အင်းဝဆိုင်ခွဲမှမဆို ဝယ်ယူသည့် Customer များအတွက် Lucky Draw အစီအစဉ်မှ Notebook, Desktop PC, LCD, Laser Printer, UPS တို့ကို ကံစမ်းမဲဖောက်ပေးမည် ဖြစ်ကြောင်း၊ မန္တလေးမြို့ရှိ အင်းဝကွန်ပျူတာအရောင်းဆိုင်ခွဲများအဖြစ် အမှတ်(၉) ၇၅လမ်း ဖုန်း- ၀၂-၇၁၀၈၄နှင့် အမှတ် (၉) ၇၃ လမ်းနှင့် လမ်း ၃၀ ထောင့် မတ်လာဈေး ဖုန်း-၀၂-၇၁၇၆၇ တို့၌ ဖွင့်လှစ်ထားပြီး ရန်ကုန်မြို့ရှိ အင်းဝကွန်ပျူတာအရောင်းဆိုင်ခွဲများအဖြစ် အမှတ်(၁၄၂) ၃၈ လမ်း ဖုန်း - ၀၁-၃၉၁၅၁၁ နှင့် ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်း ထောင့် ဖုန်း - ၀၁-၇၃၀၀၁၉၀၂ တို့တွင် ဖွင့်လှစ်ထားရှိရာ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း ထပ်မံသိရှိရသည်။

(သတင်းစဉ်)

Innwa Computer Sales & Service Centre က ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့်တွင် တွန်ယူတာအရောင်းဆိုင်သစ်ကို ဖွင့်လှစ်ထားစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယပိုလ်ချုပ်ကြီးမင်းအောင်လှိုင် မောက်မယ်၊ မိုးနဲမြို့များအတွင်းကျန်းမာရေးနှင့် ဒေသပို့ပြိုးရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယပိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာဇပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက် မွန်းလွဲပိုင်းတွင် မောက်မယ်တပ်နယ် ဘုရင့်နောင်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်၊ ဗိသားစုဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် သုတစုံစာစောင်များကို ပေးအပ်သည်။

ထို့နောက် မောက်မယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူ တစ်ဦး၏ မြို့နယ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယပိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များကို မှာကြားပြီး မြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မောက်မယ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မောက်မယ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှု၍ အားပေးစကား ပြောကြားကာ ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထို့မှတစ်ဆင့် ဒုတိယပိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုးနဲမြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယပိုလ်ချုပ်ကြီးမင်းအောင်လှိုင် မောက်မယ်မြို့၊ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၆၆/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၆၆/၂၀၀၉) ဗလတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၈ ရက် နံနက် ၇ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ဩ၊ စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်၊ ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

သင်တန်းဆင်း စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး တပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ကျောင်းသားအမှတ် (၂၂၀) ဒုတိယရဲအုပ်လောင်းထွန်းမင်းအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၃၅) ဒုတိယရဲအုပ်လောင်း ရဲဝေမင်းသိန်း၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၇) ဒုတိယရဲအုပ်လောင်းစိုးမြင့်အောင်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၆၅) ဒုတိယရဲအုပ်လောင်း ရဲလင်းထိုက်၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၀၈) ဒုတိယရဲအုပ်လောင်းနန်းဝင်းအောင်တို့အား ဆုများကိုချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အမှာစကားပြောကြားရာ၌ သင်တန်းကျောင်းက လေ့ကျင့်သင်ကြားပေးလိုက်သည့် သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်နှင့် ပေါင်းစပ်လေ့ကျင့်ရုံး ထပ်မံသင်ယူမှတ်သားဆည်းပူးသွားကြရမည် ဖြစ်ကြောင်း၊ ခေါင်းဆောင်သူက ရွေ့မှ တော်တည့်မှန်ကန်စွာ ဆောင်ရွက်မှ မိမိ၏ လက်အောက်ငယ်သားများက လိုရာဆီးသို့ အောင်မြင်စွာရောက်ရှိနေ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ငယ်သားများကို မှန်ကန်စွာ ခေါင်းဆောင်နိုင်သည့် စစ်မှန်သော ခေါင်းဆောင်ငယ်များ ဖြစ်လာအောင် ဆက်လက်ဆည်းပူး လေ့ကျင့်သွားကြရန် လိုကြောင်း၊ အဂတိတရားကင်းစင်ပြီး စာရိတ္တခြားမှမရှိဘဲ မိမိ၏လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဖြူစင်ဖြောင့်မတ်သော စိတ်ဓေတနာဖြင့် ထမ်းဆောင်ရင်း ပြည်သူလူထုကို အလုပ်အကျွေးပြုရန်နှင့် ဥပဒေနှင့်အညီ အကာအကွယ်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်မည့် နေရာဒေသ အသီးသီးတွင် အေးချမ်းတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ရာ၌ ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ရယူဖြို့ ပူပေါင်းပါဝင်မှုရှိလာအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေရန် ဆန့်ကျင်ဘက်အင်အားစုများက အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်သွေးထိုး ဖြိုခွဲလှုပ်ရှိနေခြင်းကို မျက်ခြည်မပြတ် သတိချပ်လျက် မိမိတပ်ဖွဲ့အတွင်း စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် ကာကွယ်ထိန်းသိမ်းသွားကြရန် လိုကြောင်း။

နိုင်ငံတစ်နိုင်ငံအတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးမှု ရှိရေးရန်ဖြစ်ကြောင်း၊ တရားဥပဒေ စိုးမိုးနိုင်မှသာ နိုင်ငံတော် တည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို ပျက်ပြားစေရန် မဟုတ် မမှန် သတင်းထုတ်လွှင့်ပြီး နှောင့်ယှက်နေကြသည့် အကြမ်းဖက်အဖျက်သမားများကို ဖော်ထုတ်တားဆီးနိုင်ရေးတွင် တပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက လိုလိုလားလားဖြင့် ပူးပေါင်းပါဝင်၍ ပိုင်းခန်းကူညီလာစေရန် တပ်ဖွဲ့ဝင်များက စေတနာဝါသောလုပ်ရပ် ဖြောင့်မတ်မှန်ကန်သော စိတ်ဓာတ်များဖြင့် ရွေ့မှ စံနမူနာပြ လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်းနှင့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အပေါ် ကျရောက်လာမည့် အဖျက်အမှောင့် အန္တရာယ်မှန်သမျှကို အချိန်မီတားဆီးနိုင်စေရေး သတင်းလက်ဦးမှရယူ၍ အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန် မှာကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၉၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၆၆/၂၀၀၉) ဗလတပ်ခွဲ သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပို့ဆောင်+
ရုတ်နာသုတ်

၅း၁၅ MRTV-4 သတင်း

၆း၀၀ "ပြည်တွင်းပြည်ပသာသနာပြု
ရွှေနန်းဦးသုရိယဟောကြား
တော်မူသော"တရားတော်

၇း၀၀ MRTV-4 သတင်း

၇း၅၅ MRTV-4 ကာတွန်းအစီအစဉ်

၈း၀၀ **MRTV-4 ရွှဲသံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာဓာတ္သာ" (အပိုင်း-၁၀၆)**

၈း၃၀ Premier League Highlight

၈း၅၅ မော်လမြိုင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေး

၉း၀၅ Activities In The City (Aung Gyi Trading Ltd ၏ Liu Gong Family Day)

၉း၁၅ ပြန်လည်ခံစားတေးဖွဲ့သီ [မိုးကျော်လှိုင်(ရွှေဘို)] "ပြန်လာခဲ့ပါ မိကျေးရယ်" တေးစီးနိုင်

၉း၃၀ Global Panorama
(ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)

၁၀း၂၀ စိုက်ပျိုးဖွံ့ လွယ်ကူစေတာ
ကောက်ပဲနှမ်ပါ

၁၀း၅၅ International Show Biz

၁၁း၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက်
ဖေကူနွေးမြုတို့အတူ
(အင်းလေးဒေသရဲ့ ထူးခြားတဲ့
ငါး "ငါးမိန်း")

၁၁း၀၀ အမှန်တင်နေသော အမှား
(ခန့်စည်သူ၊ အေးမြတ်သူ၊
ဌက်မျောကြော်)
(ဘိရိုက်တာ-ဖုန်းမြင့်အောင်)

၁၁း၁၀ ဦးဆုံးအစ ဘဝရဲ့အလှ
(ပဝင်းခင်ရဲ့ဦးဆုံးအစဘဝအလှ)

၁၁း၂၅ ရတနာစစ်တွေရဲ့ ဘုမိနက်သန်

၁၁း၅၅ စာအုပ်မြခန်း
(စာနေဆရာဦးလှထွန်းနှင့်
တွေ့ဆုံခြင်း)

၁၂း၂၀ သတင်းဖေးလို့ဖော်
တောင်ငပဲကြော်၊ ပဲလျော်
အေးချမ်းသာလ. . . ဝါဠုက

၁း၀၀ "ပြည်တွင်းပြည်ပသာသနာပြု
ရွှေနန်းဦးသုရိယဟောကြား
တော်မူသော"တရားတော်

၂း၀၀ MRTV-4 သတင်း

၂း၃၅ ဟိုတယ်လမ်းညွှန်
(Bay of Bengal Resort, Ngwe
Saung)

၃း၃၀ **MRTV-4 ရွှဲသံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၁၀၆)**

၄း၀၀ တေးဂီတအစီအစဉ်

၄း၁၅ စိတ်ကူးကောင်းများနှင့်
ချစ်စရာရွာတစ်ရွာ

၄း၂၅ မော်လမြိုင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေး

၄း၃၅ သဘာဝတဖေးတဲ့အကျိုးအာနိသင်
(လူရွှင်တော်လည်း လူသားပါ)
(အောင်သော်၊ မောက်ခ်မူး၊ စဝင်း၊
ကြာစီ၊ ကျင်ဝုတ်၊ ခေါလေး)
[ဒါရိုက်တာ-ကြည်သာ
(ပွဲကြိုက်ခင်)]

၅း၀၀ ပြန်လည်ခံစားတေးဖွဲ့သီ
[မိုးကျော်လှိုင်(ရွှေဘို)]
"ပြန်လာခဲ့ပါ မိကျေးရယ်"
တေးစီးနိုင်

၅း၁၀ Activities In The City
(Aung Gyi Trading Ltd ၏
Liu Gong Family Day)

၅း၃၀ သိချင်းကောင်းကောင်း
သီချင်းတောင်း

၆း၀၀ MRTV-4 သတင်း

၆း၂၀ International Show Biz

၆း၃၅ အနုပညာမိုးကောင်းကင်

၇း၀၀ စားချင်စဖွယ်နည်းအသွယ်သွယ်
(ဝက်သားပဲငါးပိ၊ မျှစ်ချဉ်နှင့်
ခရမ်းကဏ္ဍာသီးချက်နည်း)

၇း၂၀ စာအုပ်မြခန်း
(စာနေဆရာဦးလှထွန်းနှင့်
တွေ့ဆုံခြင်း)

၈း၀၀ MRTV-4 သတင်း

၈း၃၀ ဟိုတယ်လမ်းညွှန်
(Bay of Bengal Resort, Ngwe
Saung)

၉း၁၀ အနုပညာမိုးကောင်းကင်

၉း၃၀ **MRTV-4ရွှဲသံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၁၀၆)**

၁၀း၀၀ အနွေးထွေးဆုံးလက်တစ်စုံ

၁၀း၁၅ ဦးဆုံးအစ ဘဝရဲ့အလှ
(ပဝင်းခင်ရဲ့ဦးဆုံးအစဘဝအလှ)

၁၀း၂၅ သိချင်းကောင်းကောင်း
သီချင်းတောင်း

၁၀း၅၀ စားချင်စဖွယ်နည်းအသွယ်သွယ်
(ဝက်သားပဲငါးပိ၊ မျှစ်ချဉ်နှင့်
ခရမ်းကဏ္ဍာသီးချက်နည်း)

၁၁း၃၀ သဘာဝတဖေးတဲ့အကျိုးအာနိသင်
(လူရွှင်တော်လည်း လူသားပါ)
(အောင်သော်၊ မောက်ခ်မူး၊ စဝင်း၊
ကြာစီ၊ ကျင်ဝုတ်၊ ခေါလေး)
[ဒါရိုက်တာ-ကြည်သာ
(ပွဲကြိုက်ခင်)]

၁၁း၃၀ အိုင်အိုင်း-ချို့တဲ့မှုပယောက်နေ
(ခေါက်တာခင်မောင်လွင်၊
ခေါက်တာအေးအေးသော်)

၁၂း၀၀ မီးအပူပေးပြုပြင်ခြင်းနည်းပညာ

၁၂း၅၅ ကဏ္ဍစုံလင်အားကစား
အစီအစဉ်

၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ပိုတ်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ပိုတ်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်း တွံတေးမြို့ မိဘဝုတ်ဘိုးဘွားမိုရိသာ ဘိုးဘွားများအတွက် ဂွေပဒေသာပင် ဂွေကျင်တစ်သိန်းကို ရန်ကုန်မြို့ အလုံမြို့နယ် သိပ္ပံလမ်း အမှတ် (၃၆)နေ အစ်မကြီး ဒေါ်စိန်ယဉ် (၁)ခွန်ပြည့်အားလျည်စုးခဲ့၍ ညီမ ဒေါ်ငွေငွေး မိသားစုက လျှဒါန်းရာ ဘိုးဘွားမိုရိသာ ဒုတိယဥစ္စာ၌ (၂) ဦးတင်လှိုင် လက်ခံယူစဉ်။

(၃၄၂)

ဂျာမန်စာတုပစ္စည်းတင်သင်္ဘောအား ဆိုမာလီပင်လယ်ဓားပြများ ဖြိုင်းပေးဆွဲ

နိုင်ရိုဘီ မေ ၉

အိုမန်နိုင်ငံ ဆာလာလာ့ခ်ခရီးဒေသကောင်းဘတ် မိုင် ၁၂၀ခန့်အကွာ၌ သင်္ဘောသား ၂၂ဦးပါရှိသော ဂျာမန်နိုင်ငံပိုင် စာတုပစ္စည်းတင်သင်္ဘောအား ဆိုမာလီပင်လယ်ဓားပြများ ဖြိုင်းပေးဆွဲသွားကြောင်း အီးယူရောတပ်ဖွဲ့က စနေနေ့တွင် အတည်ဖြစ်ကြောင်းသည်။

ပစ်ခတ်

တန်ချိန် ၁၃၀၀၀ ရှိ မာနီဒါမာဂီရိုက် စာတုပစ္စည်းတင်သင်္ဘောနှင့်အတူ သင်္ဘောသားများဖြစ်သော အိန္ဒိယမှ ၁၉ ဦး၊ ယူကရိန်းမှ တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်မှ နှစ်ဦးတို့သည် စနေနေ့က ဖမ်းဆီးခံရကြောင်း ရောတပ်ကြောရေးဆိုင်ခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အဆိုပါသင်္ဘောကို စက်သေနတ်များ၊ လောင်စာများဖြင့် ပစ်ခတ်ပြီးနောက် ပင်လယ်ဓားပြလေ့က ချဉ်းကပ်လာကာ သင်္ဘောပေါ် တက်လာကြောင်း သင်္ဘောသားများက ပြောကြားသည်။

နောက်ဆုံး

အာဖရိကဦးချီဒေသ၏ ကမ်းလွှဲ၌ သင်္ဘောအမှုထမ်း ၂၆ဦးနှင့်အတူ တရုတ် (တိုင်ဝေ) ငါးဖမ်းသင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများ ဖြိုင်းပေးဆွဲခဲ့ပြီးနောက် နာရီပိုင်းအကြာ ၎င်းသည် နောက်ဆုံး ဖမ်းဆီးခံရသည့် သင်္ဘောဖြစ်လာသည်။

ငါးဖမ်းသင်္ဘော တိုင်းယမ်း-၂၂၇သည် ဟော်လန်နိုင်ငံသို့ ဦးတည်သွားနေစဉ် လွန်ခဲ့သော နှစ်ရက်က သင်္ဘော်ပိုင်ရှင်နှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်ဟု သင်္ဘောသားများ အထောက်အကူပြု အစီအစဉ်(အက်စ်အေပီ)၏ အရှေ့အာဖရိကညှိနှိုင်းရေးမှူး အင်ဒရူးမဝမ်ဂူရာက ပြောကြားသည်။

လွန်ခဲ့သောတစ်ရက်က သင်္ဘောနှင့် အဆက်အသွယ်ပြန်လည်ရရှိပြီး သင်္ဘော ပိုင်ရှင်အား ဆိုမာလီပင်လယ်ဓားပြများက သင်္ဘောသားများအတွက် ပြန်ပေးရေတောင်းဆိုခဲ့သည်ဟု တရုတ်(တိုင်ပေ) နိုင်ငံခြားရေးခန်ကြီးဌာနက ပြောကြားသည်။ ***အစ်အင်အေ၊ဆောင်ဟွာ။***

ဆိုမာလီနိုင်ငံ အရှေ့မြောက်ပိုင်း၌ လေ့ပေါ်သို့ လက်နက်များ တင်ဆောင်နေသော ဆိုမာလီပင်လယ်ဓားပြများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တောင်အာဖရိကနိုင်ငံ၏ ပထမဆုံး မြန်နှုန်းမြင့်ရထားကို မေ ၈ ရက်က တွေ့ရစဉ်။ [အဆိုပါရထားအား တောင်အာဖရိကနိုင်ငံတွင် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲမတိုင်မီ သုံးရက်အလို ဇွန် ၈ ရက်၌ စတင်ပြေးဆွဲခဲ့ဖြစ်သည်။ ယင်း ရထားလမ်းကို အိုအာရ်တစ်ဘို့ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဂျိုဟန်နက်စဘတ် မြို့ ဆင်ခြေဖုံးဆန့်တန်ဒေသကို ဆက်သွယ်ထားသည်။ အာဖရိက၏ ပထမဆုံး ကမ္ဘာ့ဖလားပြိုင်ပွဲကို ဇွန် ၁၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။]

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယမြောက်ပိုင်း၌ မိုးသက်မုန်တိုင်းကျရောက် လူ ၅၂ ဦး သေဆုံးပြီး ၅၀ ဒဏ်ရာရ

နယူးဒေလီ မေ ၉

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် လွန်ခဲ့သောနှစ်ရက်ကျော်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူပေါင်း ၅၂ဦးထက် မနည်းသေဆုံးပြီး အများအပြား ဒဏ်ရာ ရရှိကြောင်း စနေနေ့တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုးကြိုးပစ်

ဆိုးရွားစွာရင်ဆိုင်ရသော ဒေသများသည် ဥတ္တာပရာဒေ့ရှ်ပြည်နယ် အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ ဖြစ်ပြီး ၃၅ ဦး သေဆုံးကာ ၅၀ ဒဏ်ရာ ရရှိကြောင်း ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

မိုးသက်မုန်တိုင်း ကျရောက်မှုကြောင့် အခြားသေဆုံးသူ ၁၇ဦးသည် အိမ်နီးချင်း ဘီဟာပြည်နယ်မှဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သတင်းဌာနက ကိုးကားဖော်ပြသည်။

သေကျေဒဏ်ရာရရှိမှု အများစုသည် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ၎င်းတို့၏ အိမ်ခေါင်မိုးများ လွင့်ထွက်ပြီး နောက် သစ်ပင်များ၊ လျှပ်စစ်ဓာတ်အား တိုင်များ ပြိုလဲရာမှ သေဆုံးရခြင်းဖြစ်ကြောင်း ဖော်ပြသည်။

မိုးကြိုးပစ်ခံရ၍လည်း လူအနှို့သေဆုံးကြရသည်။

အစ်အင်အေ၊ဆောင်ဟွာ။

နိုင်ငံတကာသတင်းများ

အီရတ်တွင် ရဲတပ်ဖွဲ့ဝင်၏ နေအိမ်၌ ပုံးပေါက်ကွဲ၊ သုံးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ဘဂ္ဂဒတ် မေ ၉

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ နေအိမ်အတွင်း ထောင်ထား သည့်ပုံးများ ပေါက်ကွဲမှုကြောင့် မေ ၈ရက်က ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ ၎င်း၏မိခင် နှင့် ဒေသခံတစ်ဦးတို့ သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းပုံးပေါက်ကွဲမှုသည် အီရတ် မြောက်ပိုင်းဝန်းကျင် တိုက်ခိုက်မှုများ အနက်မှတစ်ခုဖြစ်သည်။ယင်းဒေသစောစော ပိုင်းက ရေနံကြွယ်ဝသော ကယ်ကွတ်မြို့၊ တောင်ဘက်အနီး အမာလီမြို့ရှိ နေအိမ်၌ ဖြစ်ပွားပြီး ငါးဦးဒဏ်ရာရရှိသည်ဟု ဆိုသည်။

စနေနေ့ မွန်းလွဲပိုင်းက ဘဂ္ဂဒက်မြို့ မြောက်ဘက် ၉၅ကီလိုမီတာအကွာရှိ ဆာမာရာဒေသအနီး သမ္မိုင်းအတွင်း ရဲတပ်စုဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး၏ အလောင်း နှင့် အခြားအလောင်း သုံးလောင်းကို တူးဖော်ရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြား သည်။

မိုဆူးမြို့တွင် ရဲတပ်ဖွဲ့ဝင်များကင်းလှည့် နေစဉ် လက်ပစ်ဗုံးဖြင့် ဖောက်ခွဲမှုကြောင့် လမ်းသွားလမ်းလာတစ်ဦး ဒဏ်ရာရရှိပြီး သောင်းကျန်းသူတို့ ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးကြောင်း သိရ သည်။

အစ်အင်အေ၊ဆောင်ဟွာ။

အီရတ်နိုင်ငံမြောက်ပိုင်း၊ ကယ်ကွတ်မြို့တောင်ဘက် ဆာမာရာဒေသအနီး အမာလီမြို့ရှိ ရဲတပ်ဖွဲ့ဝင်၏ နေအိမ်၌ ပုံးပေါက်ကွဲမှုကြောင့် အပျက်အစီးများကို မေ ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တွန်ဂါနိုင်ငံတွင် အင်အားအာဃာတ်ပြင်ဒိုင်းလျှင်လှုပ်

ဟောင်ကောင် မေ ၉

တွန်ဂါနိုင်ငံတွင် မေ ၈ ရက် ဒေသစံတော်ချိန် နံနက် ၇နာရီ ၇၆မိနစ်က ရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အားအာဃာတ်ပြင်ဒိုင်းသော လျှင် လှုပ်သွားကြောင်း အမေရိကန် ဘူမိဆိုင်ရာ တိုင်းတာရေးအဖွဲ့က စနေနေ့ တွင် ဖော်ပြသည်။

အဆိုပါလျှင်သည် တွန်ဂါနိုင်ငံ မြို့တော် နူကူအလိုဖာမှ ၃၂၀ကီလိုမီတာ အကွာနှင့် တွန်ဂါနိုင်ငံ နိုင်ယာဒူကွန်းမှ ကီလိုမီတာ ၅၀ အကွာ၌ ၁၀ကိုယ်ပြီးပြီး ရေပြင်အောက် ၃၃ ကီလိုမီတာအနက်ထိ လှုပ်သွားသည်ဟု ဆိုသည်။

ယင်းငလျင်ကြောင့် ပျက်စီးမှု သို့မဟုတ် သေကျေဒဏ်ရာရရှိမှုတို့ကို ဖော်ပြခြင်းမရှိချေ။

တွန်ဂါနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ အနောက်တောင်ပိုင်းရှိ ကျွန်းပေါင်း ၁၀၀ကျော်ခန်ဖြင့် ဖွဲ့စည်းထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယင်းကျွန်းများ အနက် ၃၆ ကျွန်းတွင် အခြေချနေထိုင် ကြသည်။ ***အစ်အင်အေ၊ဆောင်ဟွာ။***

လေယာဉ်ခံတံတားကို စတာတင်ကျွန်းကူးတို့သင်္ဘောတိုက်မိ

နယူးယောက် မေ ၉

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် စတာတင်ကျွန်း ကူးတို့သင်္ဘောသည် မေ ၈ရက်က ဆိပ်ကမ်းတစ်ခုသို့ ချဉ်းကပ်လာစဉ် လေယာဉ်ခံတံတားကို တိုက်မိရာ ၃၇ဦးဒဏ်ရာရရှိပြီး တစ်ဦးမှာ ဝိုးရိမ်ရသောအခြေအနေရှိကြောင်း၊ အဆိုပါ သင်္ဘောသည် စက်ချွတ်ယွင်းမှုကြောင့် တိုက်မိခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်ဒရူးဇျောဘာဘီရီ ကူးတို့သင်္ဘော သည် စတာတင်ကျွန်းရှိ စိန့်ဇျော့ကူးတို့ ဆိပ်ကမ်းသို့ ချဉ်းကပ်လာစဉ် လေယာဉ်ခံ တံတားအား တိုက်မိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းသင်္ဘောတွင် သင်္ဘောအမှုထမ်း ၁၈ဦးနှင့် ခရီးသည် ၂၅၂ဦး တင်ဆောင် လာသည်ဟု သိရသည်။

နယူးယောက်မြို့ စတာတင်ကျွန်းရှိ စိန့်ဇျော့ကူးတို့ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော စတာတင်ကျွန်းကူးတို့သင်္ဘောအား မေ ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယင်းကူးတို့သင်္ဘောသည် ၂၀၁၃ခုနှစ် ကလည်း မတော်တဆဖြစ်ပွားခဲ့ပြီး လူ ၁၃ဦးသေဆုံးကာ အများအပြား ဒဏ်ရာ ရရှိခဲ့သည်။ ယခုဖြစ်ပွားမှုသည် ဒုတိယ အကြိမ်ဖြစ်ကြောင်း သိရသည်။

အစ်အင်အေ၊ဆောင်ဟွာ။

ကာဒစ်သူပုန်စခန်းများအား တူရကီလေတပ်က လေကြောင်းမှ တိုက်ခိုက်

အင်ကာရာ မေ ၉

တူရကီနိုင်ငံအတွင်း တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသည့် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အိမ်နီးချင်းအီရတ်နိုင်ငံမြောက်ပိုင်း၌ ခိုအောင်းနေသော ကာဒစ်သူပုန်များကို တူရကီ လေတပ်က တိုက်ခိုက်ခဲ့ကြောင်း သောကြေ့ ညပိုင်းတွင် စစ်ဘက်က ပြောကြား သည်။

တူရကီရဟတ်ယာဉ်များ နယ်စပ်တစ်လျှောက် နေရာစုံမှ လေယာဉ်ပစ်လက်နက်များဖြင့် တိုက်ခိုက်ခဲ့ရပြီးနောက် အဆိုပါနေရာများအား လေတပ်ဖွဲ့က သောကြာနေ့မွန်းလွဲပိုင်း၌ တစ်နာရီကြာပစ်ခတ်ခဲ့သည်ဟု ဆိုသည်။

သောကြာနေ့ နံနက်ပိုင်းက ဒါဂလီကာနယ်စပ်ကျေးရွာအနီးရှိ ကွန်မန်ဒိုတပ်ဖွဲ့ကို သူပုန် ၂၅ဦးခန့်အုပ်စု၏ တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီးနောက် အီရတ်နိုင်ငံရှိ ခွဲထွက်ရေးကာဒစ်စတန်အလုပ်သမားပါတီ(ပီကေကေ)တို့၏ စခန်းများ အား စစ်ဆင်ရေးအဖြစ် တိုက်ခိုက်ခဲ့သည်။

ယင်းသို့တိုက်ခိုက်မှုကြောင့် ပီကေကေသူပုန် ငါးဦးထက်မနည်း သေဆုံးကြောင်း အတည်ပြုဖော်ပြသည်။ ***အစ်အင်အေ၊ဆောင်ဟွာ။***

အစ္စရေးက ပါလက်စတိုင်းအရပ်သား ၃၃ဦးကို ဖမ်းဆီးထိန်းသိမ်း

ဂျေရုဆလင် မေ ၉

အနောက်ဘက်ကမ်းရှိ မြို့များတွင် သာမက ဒုက္ခသည်စခန်းတွင်ပါ အစ္စရေးတပ်ဖွဲ့က ညတွင်းချင်း ဝင်ရောက်၍ ပါလက်စတိုင်းအရပ်သား ၃၃ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတွင် ပါရှိသည်။

အနောက်ဘက်ကမ်း၏ တောင်ပိုင်းတွင်ရှိသော ဘက်သလီဟမ်မြို့နှင့် ယင်းမြို့အနီးရှိ ထူးဘတ်စ်၊ ကွာဘာတီယာနှင့် အယ်လ်ဖာရာ ဒုက္ခသည်စခန်းများတွင် ကြာသပတေးနေ့နှောင်းပိုင်းက အစ္စရေးစစ်ဘက်ဆိုင်ရာက ဝင်ရောက်စီးနင်းခြင်း ဖြစ်သည်။

ဖော်မြ

အနောက်ဘက်ကမ်း၏ မြောက်ပိုင်းရှိ ဟာရွက်ဗိုနိုယန်ဒေသတွင်လည်း တရားမဝင် ဝင်ရောက်အခြေချနေထိုင်သူ ၁၀၀ ခန့်နှင့် အစ္စရေးတပ်ဖွဲ့ဝင်များ တွေ့ဆုံတိုက်ပွဲဖြစ်ပြီး ယင်းတို့၏ တရားမဝင်နေအိမ်များကို အစ္စရေးတပ်ဖွဲ့က ဖြိုချရန် ကြိုးစားခဲ့ကြောင်း အစ္စရေးသတင်းဌာနများက ဖော်ပြသည်။

အနောက်ဘက်ကမ်းတွင် တရားမဝင် အခြေချနေထိုင်သူ နယ်ပယ်သစ် တည်ထောင်သူ ၅၀၀၀၀၀ ခန့် ရှိသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



ပစ်ခတ်မှု ဖြစ်ပွားသည့်နေရာကို ရဲအရာရှိများက စစ်ဆေးနေစဉ်နှင့် သေနတ်သမားဆီပုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လော့စ်အိန်ဂျလိစ်တွင် ပစ်ခတ်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

လော့စ်အိန်ဂျလိစ် မေ ၉

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်တွင် ကြာသပတေးနေ့ နံနက်ပိုင်းက သေနတ်သမားတစ်ဦး၏ပစ်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်သမားအပါအဝင် လူသုံးဦး ဒဏ်ရာရရှိသွားကြောင်း၊ သေနတ်သမား သည် အိမ်တစ်အိမ်အတွင်းသို့ တရကြမ်း ဝင်ရောက်လာပြီး ပစ်ခတ်ကြောင်း၊ နံနက် ၃နာရီ မိနစ် ၄၀ ခန့်က ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

ပစ်ခတ်သံကို ကင်းလှည့်နေသော ရဲတပ်ဖွဲ့ကကြား၍ ရောက်ရှိလာပြီး သေနတ်သမားကို ပစ်ခတ်ရာ သေနတ်သမားဒဏ်ရာရရှိသွားကြောင်း၊သေဆုံးသူ နှစ်ဦးမှာ သေနတ်သမားနှင့် စုစပ်ထား သူ အမျိုးသမီးနှင့် ၎င်းအမျိုးသမီး၏ အစ်ကိုတို့ဖြစ်ကြောင်း၊ သေနတ်သမား သည်ပစ်ခတ်ရုံသာမကအိမ်အား မာတ်ဆီ လောင်း၍ မီးရှို့ရန် ရည်ရွယ်ချက်ရှိပုံရ ကြောင်း၊လှည့်ကင်းအဖွဲ့သာ ရောက်မ လာပါက လူ ၁၀ ဦးခန့် သေဆုံးနိုင်ဖွယ်ရာ ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၉ ရက်က အီရန်နိုင်ငံတောင်ပိုင်း ဇုဏ်စ်ခ်ဆိပ်ကမ်းမြို့အနီးတွင်းပသော စစ်ရေးလေ့ကျင့်မှုတွင် အီရန်နိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းဖြစ် စစ်ရေယာဉ် ဂျာမာရန်က တော်ဝိုရီ တစ်စင်းကို ပစ်လွှတ်လိုက်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီပင်လယ်ဓားပြများက ယီမင်ငါးဖမ်းသင်္ဘောကို ဖမ်းဆီး

ဒိုဂါခစ်ရှာ မေ ၉

ယီမင်ကမ်းလွန် ပင်လယ်ပြင်တွင် ယီမင်ငါးဖမ်းသင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက ပြန်လေးဆွဲကြောင်း၊ သင်္ဘောပေါ်တွင် သင်္ဘောသား ခုနစ်ဦး လိုက်ပါလာကြောင်း ယီမင်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် သောကြာနေ့က ဖော်ပြထားသည်။

ကိုးကား

အဆိုပါယီမင်ငါးဖမ်းသင်္ဘောအယ်လ်-ဒါဖာသည်ပင်လယ်နီရှိ ယီမင်ကျွန်းတွင် လွန်းတင်ဆိုက်ကပ်ထားစဉ် ဆိုမာလီ ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲခြင်းခံရကြောင်း ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့ဝ၏ ပြောကြားချက်ကိုကိုးကား၍ ဝက်ဘ်ဆိုက က ဖော်ပြခြင်းဖြစ်သည်။

တောင်းခံ

မကြာမီလများအတွင်းက ဆိုမာလီ ပင်လယ်ဓားပြများသည် ကုန်သည် သင်္ဘောများနှင့် ရေနံတင်သင်္ဘောများကို အေဒင်ပင်လယ်ကွေ့တွင် လက်နက် ကြီးများဖြင့် တိုက်ခိုက်ခဲ့ကြပြီး ပြန်ပေး ရွေးငွေများ တောင်းခံခဲ့ကြသည်။

အေဒင်ပင်လယ်ကွေ့သည် ဆိုမာလီ ကမ်းရိုးတန်း၏ မြောက်ဘက်တွင် ရှိသည်။ နှစ်စဉ်သင်္ဘော ၂၅၀၀၀ ဖြတ် သန်းသွားလာရာ အနေကြိုးသော လမ်း ကြောင်းတစ်ခုလည်းဖြစ်ကြောင်း သိရ သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်တွင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ရဲအရာရှိ လေးဦး၊ သေဆုံးပြီးနောက် လမ်းမများပေါ်တွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးယူထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကဘူး၌ အီရန်သတင်းထောက် တိုက်ခိုက်ခံရ

ကဘူး မေ ၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် ဖာစ်သတင်းဌာနှင့် တာဝန်ထမ်းဆောင်နေသော အီရန်လူမျိုး သတင်းထောက် အဗ္ဗဒူလ်ဗာဟက်ဟာဂီမီသည် အမည်မသိ လူတစ်ဦး၏ တိုက်ခိုက်မှုကို ခံရကြောင်း သတင်းတွင် ပါရှိသည်။

၎င်းသတင်းထောက်သည် တိုက်ခိုက်မှုကြောင့် ဖားဒဏ်ရာရရှိသွားသဖြင့် ဆေးရုံသို့ တင်ပို့ကုသပေးထားရကြောင်း ပစ္စက်စ်တီဗွီသတင်းထောက်က ပြောကြားသည်။

ထိုတိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ကဘူးရှိ အီရန်သံရုံးက ပြင်းထန်စွာ ရှုတ်ချထားကြောင်း၊ အဆိုပါသတင်းထောက်သည် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု မခံရမီ တယ်လီဖုန်းဖြင့် မြို့မ်းခြောက်မှုကို ခံခဲ့ရကြောင်း သတင်းတွင်ပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်တွင် သေနတ်သမားများ ပစ်ခတ်မှုကြောင့် ရဲအရာရှိလေးဦး သေဆုံး

ပက်ရှ်ဝါ မေ ၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် သေနတ်သမားများက သေနတ်များဖြင့် အဆက်မပြတ်ပစ်ခတ်မှုကြောင့် ရဲအရာရှိ လေးဦးသေဆုံးပြီး လူအချို့ ဒဏ်ရာရရှိသွားသည်။

ငြိမ်းချမ်းမှုရှိ

ပစ်ခတ်မှုဖြစ်ပွားရာ နေရာသည် တောတောင်ထူထပ်သော မန်ဆီရာခရိုင် ဂါဇီကော့တ်မြို့တွင် ဖြစ်သည်။ ယင်းဒေသသည် ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်ပိုင်းရှိ တည်ငြိမ်မှု မရှိသောနေရာနှင့် ဆက်စပ်လျက်ရှိသော်လည်း ငြိမ်းချမ်းမှု ရှိသောနေရာ တစ်နေရာဖြစ်သည်။

သေဆုံးဒဏ်ရာရသူ အားလုံးမှာ လုံခြုံရေးစစ်ဆေးရေးဂိတ်တွင် မိုးခိုနေရာမှ ယင်းကဲ့သို့ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသွားသော ရဲအရာရှိတစ်ဦးမှာ သတိမေ့နေဆဲဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင် ၂၀၀၇ ခုနှစ်ကစ၍ စစ်သွေးကြွများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လူပေါင်း ၃၃၀၀ ကျော် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပီရူးနိုင်ငံတွင် သေနတ်သမားများလက်ချက်ဖြင့် လူခြောက်ဦးသေဆုံး

လီမာ မေ ၉

ပီရူးနိုင်ငံ မွန်တီရိုခရိုင်တွင် အခမ်းအနားတစ်ခုကျင်းပနေစဉ်သေနတ်သမားများ ဝင်ရောက်ပစ်ခတ်မှုကြောင့် လူခြောက်ဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း ကြာသပတေးနေ့က သတင်းများတွင် ဖော်ပြသည်။

ကြာသပတေးနေ့ နံနက်ပိုင်းက အခမ်းအနား ကျင်းပမှုနိုင်တွင် သေနတ်သမားများ ဝင်ရောက်လာပြီး ပစ်ခတ်ကြောင်း၊ သေဆုံးဒဏ်ရာရသူ အားလုံးမှာ အမျိုးသားများ ဖြစ်ကြကြောင်း သတင်းတွင် ပါရှိသည်။

သေနတ်သမားများက ဝရုန်းသုန်းကား ဖြစ်နေချိန်တွင် ထွက်ပြေးလွတ်မြောက်သွားကြကြောင်း၊အခမ်းအနားတက်ရောက်နေသူများမှာ လွတ်မြောက်ရန် ကြိုးစားခြင်း၊ ပုန်းအောင်းခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်မြောက်ပိုင်းတွင် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွလေးဦး သေဆုံး

ကန်ဒုဇ်(အာဖဂန်နစ္စတန်) မေ ၉

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကန်ဒုဇ်ပြည်နယ်တွင် စနေနေ့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွလေးဦး သေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲ အဗ္ဗဒူလ်ရာဇာတ်ယူကျူဘီက ပြောကြားသည်။

ကြဲစည်အားထုတ်

တာလီဘန်စစ်သွေးကြွများသည် ဖောက်ခွဲရေးစစ်ဆင်ရေးများ အပြည့်အသိပ်တင်ထားသော ကားဖြင့် ၎င်းတို့ပုန်းအောင်းနေထိုင်ရာ ချာရာဒါခရိုင်မှနေ၍ ကန်ဒုဇ်ပြည်နယ် ကန်ဒုဇ်မြို့သို့သွားကာ ဝုံးဖောက်ခွဲရန် ကြဲစည်အားထုတ်ခဲ့ကြောင်း။ သို့ရာတွင် လုံခြုံရေးတပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွလေးဦး သေဆုံးသွားကြောင်း ယူကျူဘီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ သို့သော် တာလီဘန်စစ်သွေးကြွများကမူ ဝေဖန်ပြောကြားခြင်း မရှိပေ။

အမ်အင်အေ၊ဆင်ဟွာ။

စည်းကမ်းရှိ၍ တာဝန်သိသူများ

ဒေါက်တာ ခင်မောင်လွင်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး အသိပညာပေးမှု အပေါ် အခြေခံ၍ ယာဉ်အန္တရာယ်ကင်းဝေးအောင် ဆောင်ရွက်နေကြသည်ကို သတင်းများတွင် ကြားသိနေရပါသည်။ ယခုအခါ ဒုတိယအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိနေရပါသည်။ ဧပြီလ ၁ရက်နေ့မှ ၇ရက်နေ့အထိ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်နှင့်တစ်ဆက်တည်း ဧပြီလ ၇ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကမ္ဘာတစ်ဝန်းလုံးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စည်းရုံးလှုံ့ဆော်မှုဖြင့် ကမ္ဘာ့မြို့ကြီးပေါင်း ၁၀၀၀ တွင် ကျန်းမာရေးဖြင့်တင်မှ ဆောင်ရွက်လျက်ရှိရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးသည်လည်း အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရှေ့တောင်အာရှ (၁၀) နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်သည်။ နိုင်ငံတိုင်းမှ အနည်းဆုံးမြို့ကြီးတစ်မြို့ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားရှိရာ မြန်မာနိုင်ငံ၏ ကျန်းမာရေးဂုဏ်ဆောင်အဖြစ် တောင်ကြီးမြို့ကလည်း တစ်ကမ္ဘာလုံးနှင့်ယှဉ်၍ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မည်သူ့ကိုမျှ အားမကိုးဘဲ၊ မည်သည့်အထောက်အပံ့မျှမပါဘဲ မိမိတို့မြို့ကို ကျန်းမာရေးအဆင့်မြင့်မားလာအောင် ဦးဆောင်ကြမည့် ပုဂ္ဂိုလ်များမှာ အထူးပင် ချီးကျူးဂုဏ်ပြုစရာဖြစ်ပါသည်။ သာမန်အားဖြင့်ကြည့်လျှင် ကျန်းမာရေးသည် လူတစ်ဦးတစ်ယောက်၏ ကိစ္စဟုထင်စရာရှိသော်လည်း မြို့ပြလူမှုဘဝမှာ တစ်ဦးနှင့် တစ်ဦး၊ တစ်မိသားစုနှင့် တစ်မိသားစု၊ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် ဆက်စပ်မှုရှိနေသည်ကို သတိပြုမိဖို့လိုအပ်ပါသည်။ ထို့ကြောင့် မြို့ပြကျန်းမာရေးသည် တစ်ဦးကောင်းတစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ စုပေါင်းညီညာမှုအင်အားလိုပါသည်။ ကျန်းမာအောင် ဆောင်ရွက်နိုင်မှု နည်းလမ်းကောင်းများလိုပါသည်။ စနစ်တကျစီမံခန့်ခွဲဖို့ လိုပါသည်။ သို့ဖြစ်ပါ၍ မြို့ပြကျန်းမာရေးကို မြှင့်တင်လိုလျှင် အရည်အသွေးပြည့်ဝသော ဦးဆောင်သူ(သို့မဟုတ်) ဦးဆောင်မည့်အဖွဲ့၊ တက်ကြွစွာ ပူးပေါင်းပါဝင်မည့် ဌာနအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်မြောက်မြားစွာ လိုအပ်လေသည်။

ဥပမာအားဖြင့် မြို့ပြများတွင် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရန်ကြိုးစားရာ၌ ဘက်စုံ၊ ထောင့်စုံမှပါဝင်ရန်လိုအပ်ပါသည်။ ယခုအခါ မြို့ပြကျန်းမာရေးပြဿနာများတွင် ထိပ်တန်းမှပါဝင်နေသည်မှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရမှုများပင် ဖြစ်ပါသည်။ မြို့ပြနေလူထုပူးပေါင်းဆောင်ရွက်၍ လျော့ချနိုင်သော အန္တရာယ်ဖြစ်ပါလျက် မကာကွယ်နိုင်သော အန္တရာယ်အဖြစ် နေရာများစွာတွင် ရင်ဆိုင်ဖြေရှင်းနေပါသည်။ ယခုကဲ့သို့ ရန်ကုန်တိုင်းတွင် ကြိုးစားဖြေရှင်းနေသည်မှာ အထူးပင်ကြုံဆိုအပ်သော လုပ်ငန်းဖြစ်ပါသည်။ ယာဉ်အန္တရာယ်ဟုဆိုလိုက်လျှင် လူတိုင်းက ယာဉ်ကိုသာအာရုံရဲ့ထဲ မြင်မိကြသည်။ လူကြောင့်ဖြစ်သော ပြဿနာကို လျော့လျော့ပေါ့ပေါ့တွေးတတ်ကြသည်။ အမှန်အားဖြင့် လူကြောင့်သာ ယာဉ်အန္တရာယ် ဆတက်ထမ်းပိုးတို့၍ များလာခြင်းဖြစ်ပါသည်။

လူကြောင့်ဖြစ်သော ထိခိုက်မှုအန္တရာယ်များ၏ ရင်းမြစ်မှာလည်း သေချာစွာဆန်းစစ်လျှင် "မသိမှု"နှင့် "သတိမရှိမှု"တို့ အပေါ် မှီ၍သာ ဘေးအန္တရာယ်ဖြစ်လာသည်ကို တွေ့နိုင်ပါသည်။

လမ်းစည်းကမ်းအကြောင်းကိုမသိမှု၊
ပြည်သူ့နီတိကိုမသိမှု၊
ယာဉ်စည်းကမ်းအကြောင်းမသိမှု၊

ကိုယ့်ကိုယ်ကို မသိမှုများသည် အန္တရာယ်ကို ဖိတ်ခေါ်နေသော မသိမှုများပင်ဖြစ်ပါသည်။

မြို့ပြနေလူထုသည် လမ်းစည်းကမ်းနှင့် ယဉ်ပါးဖို့လိုပါသည်။ လမ်းစည်းကမ်းကို သိရှိလိုက်နာရန် ကြိုးစားခြင်းသည်လည်း ပြည်သူ့နီတိဖြစ်ပါသည်။ မြို့ပြထဲသို့ ဝင်လာသော လမ်းစည်းကမ်းမသိသူများကိုလည်း စည်းကမ်းသိလာအောင် ပိုင်းခန်းကူညီဖို့ တာဝန်ရှိပါသည်။ ဤတာဝန်သည် မြို့ကြီးသားတစ်ယောက်၏တာဝန် (Citizen's Responsibility) လည်းဖြစ်ပါသည်။ မူကြို၊ကလေးဘဝမှစ၍ သင်ကြားရမည့် "ဘဝတစ်သက်တာသိမှတ်စရာ" သင်ခန်းစာလည်းဖြစ်ပါသည်။ မူကြိုမရောက်ခင် မိဘများက သင်ပေးရန် တာဝန်ရှိပြီး မူကြိုကျောင်း ဆရာ၊ ဆရာမ၊ မူလတန်းကျောင်း ဆရာ၊ ဆရာမ စသည်ဖြင့် မိဘ၊ ဆရာတို့၏ အာစရိယဂုဏ်သည် မိမိတို့တပည့်သားမြေးများ လမ်းစည်းကမ်းမည်မျှလိုက်နာနိုင်သည်ဆိုသည့်အပေါ် တွင်လည်း တစ်စိတ် တစ်ဒေသ မှီနေသည်ဟုဆိုနိုင်ပါသည်။

"ရောမမြို့သို့ရောက်လျှင် ရောသားကဲ့သို့ ကျင့်ရမည်" ဆိုသောစကားပုံရှိပါသည်။ ရောမဧရောက်ဖူးသူတစ်ယောက်အတွက် ရောမမြို့သို့သွားရောက်မည်ဟု ကြံစည်သည်နှင့်တစ်ပြိုင်နက် ရောမမြို့အကြောင်းကို ကြိုတင်လေ့လာထားဖို့ လိုအပ်ပါသည်။ ယနေ့ခေတ် ကမ္ဘာလှည့်ခရီးသွားအားလုံးသည် မိမိတို့သွားရောက်မည့်နိုင်ငံအကြောင်း တစိုက်မတ်မတ်လေ့လာပြီးမှ သွား ရောက်ကြသည်ကို တွေ့နိုင်ပါသည်။

ဤမျှနှင့်မလုံလောက်ပါ။ သက်ဆိုင်ရာမြို့ပြများက တစ်ခေါက်တစ်ခါ အရောက်လာသူများကို နွေးထွေးစွာကြိုဆို၍ ပျော်ပျော်ရွှင်ရွှင် အန္တရာယ်ကင်းအောင် လမ်းပြ (Guide) လုပ်ပေးရန်တာဝန်ရှိပါသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် လမ်းပြပေးသော သူ နေရာတိုင်းတွင်ရှိပါသည်။ လမ်းပြနိုင်သောစနစ် နေရာတိုင်းတွင်ရှိပါသည်။ ထိုအခါတွင် လမ်းစည်းကမ်းကို မသိ၍ဖြစ်ပွားနိုင်သော ယာဉ်အန္တရာယ်များကို လျော့ပါးစေနိုင်ပါသည်။ ဧည့်သည်ကို ကူညီတတ်သော မြို့ကြီးသားတို့ တစ်မြို့လုံးပြည့်နေဖို့လိုပါသည်။

လမ်းစည်းကမ်းကိုသိဖို့ရာ လူတိုင်းနှင့်ဆိုင်သလို ယာဉ်စည်းကမ်းကို သိဖို့ရာ ယာဉ်ကိုကိုင်တွယ်သူတိုင်းနှင့် ဆိုင်ပါသည်။ ယာဉ်မောင်းတစ်ယောက် သိရမည့် စည်းကမ်းများအားလုံးကို ကျေညက်မှသာ ယာဉ်ကိုကိုင်တွယ်ရန် လိုအပ်ပါသည်။ လမ်းစည်းကမ်းကိုသိမှသာ လမ်းတွင်ထွက်၍ ယာဉ်ကို မောင်းနှင်သင့်ပါသည်။ သိရဲ့တင်မက အတွေ့အကြုံပြည့်ဝသူများသာ အများနှင့်ဆိုင်သော ယာဉ်ကြီးများကို မောင်းနှင်ရန်သင့်ပါသည်။ အန္တရာယ်ရှိသည်ဟု ဆိုလိုက်လျှင် ကုန်တင်ယာဉ်ကြီးများကိုသာ မျက်စိထဲတွင် မြင်မိမည်ဖြစ်ပါသည်။ အမှန်မှာစက်ဘီးငယ်ကလေးကအစ လမ်းပေါ်ထွက်လာလျှင် အန္တရာယ်ရှိပါသည်။ ကျွန်းကျင်စွာ မောင်းတတ်လျှင် မိမိသော်လည်းကောင်း၊ တစ်ဖက်သားသော်လည်းကောင်း အန္တရာယ်ဖြစ်နိုင်ပါသည်။ စည်းကမ်းမရှိလျှင်၊ စည်းကမ်းမသိလျှင် ဘေးအန္တရာယ်ဆိုး အချိန်မလွန်ကြိုနိုင်ပါသည်။ မိမိမောင်းနှင်သည့်ယာဉ်၏ ချွတ်ယွင်းချက်ကို မသိလျှင်သော်လည်းကောင်း၊ သိလျက်နှင့်အချိန်မမြင်လျှင်သော်လည်းကောင်း နောင်တရဖို့ အချိန်မရဘဲ ဖြစ်သွားနိုင်ပါသည်။ ယာဉ်စည်းကမ်းသည်လည်း တစ်နေရာနှင့်တစ်နေရာ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အတတ်နိုင်ဆုံးတူညီရန်ကြိုးစားမှသာ တစ်ကမ္ဘာလုံး၏ ယာဉ်အန္တရာယ်လျော့ပါးရေးကို မျှော်လင့်နိုင်မည်ဖြစ်ပါသည်။

ကိုယ့်ကိုယ်ကို မသိသူများသည်ကား လမ်းအန္တရာယ်ဖြစ်ပေါ်ရန် အလားအလာ အများဆုံးဖြစ်ပါသည်။ မိမိကိုယ်တိုင်၏ ကျွမ်းကျင်မှုစွမ်းရည်၊ ကျန်းမာရေး၊ ခန္ဓာကိုယ်နှင့် စိတ်၏အခြေအနေတို့သည် လမ်းပေါ်သို့ ထွက်လိုက်လျှင် အရေးကြီးသောအခြေအနေများ ဖြစ်လာပါသည်။ စက်ဘီးစီးသူများမှစ၍ မော်တော်ယာဉ်ကြီးများ မောင်းနှင်သူအထိ လိုအပ်သောအရည်အသွေး ဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုသိဖို့ ဤမျှအရေးကြီးမှန်းသိလျက်နှင့် ကိုယ့်ကိုယ်ကိုဖျက်ဆီးနေသူများသည်လည်း ဝမ်းနည်းဖွယ်ရာ တွေ့နေရသည်။ ထိုသူတို့ကား "မူးယစ်သောက်စား ယာဉ်မောင်းများ"ဖြစ်ပါသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိခြင်း၊ ကိုယ့်ကိုယ်ကိုသိခြင်းများနှင့် တွဲလျက် သတိရှိနေဖို့သည် အထူးပင် ဆောက်တည်ရမည့် အရည်အသွေးဖြစ်ပါသည်။ များသောအားဖြင့် ယာဉ်မောင်းတို့သည် ကျွမ်းကျင်မှုကို အားကိုးကြသည်။ ထိုကျွမ်းကျင်မှုတို့သည် မယွဲ့ခရွေးင်သာ ယာဉ်အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါတွင် ထင်သလောက် အန္တရာယ်မကင်းကြောင်း သိရှိသုနည်းပါးသည်။ အထူးသဖြင့် အဝေးပြေးလမ်းမတွင် မောင်းနှင်နေသူ တစ်ယောက်သည် အလွန်လျင်မြန်သောအရှိန်ကို စက္ကန့်ပိုင်းအတွင်း ထိန်းသိမ်းဖို့ မဖြစ်နိုင်သည်ကို သတိမပြုမိသည့်အတွက် အသက်ပေါင်းများစွာ သေဆုံးရသောဖြစ်ရပ်များရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် ဤအချက်ကို အဓိကထား၍ အန္တရာယ်ဖြစ်လာလျှင် ရှောင်ရှားနိုင်မည့် အလေ့အကျင့်များကို သင်တန်းပေးလျက်ရှိပါသည်။ သတိနှင့်ပတ်သက်လာလျှင် စည်းကမ်းထိန်းသိမ်းသူများဘက်မှလည်း အထူးတလည် အရေးကြီးကြောင်း တင်ပြလိုပါသည်။ မိမိတို့ကိုယ်တိုင်က စည်းကမ်းရှိဖို့ သတိမပြတ် ဆင်ခြင်အပ်ပါသည်။

လမ်းများ၏အခြေအနေ၊ ယာဉ်များ၏အခြေအနေ၊ အန္တရာယ်ကင်းရှင်းနိုင်မည့်စနစ်ကောင်းများ မည်မျှရှိနေပါစေ လူထု၏အရည်အသွေးကို မမြှင့်တင်နိုင်လျှင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကြုံတွေ့နေရဦးမည်ဖြစ်ပါသည်။ မိဘ၊ ဆရာမှအစ တာဝန်ရှိသူ၊ တာဝန်သိသူ မြို့ကြီးသားတိုင်းက အန္တရာယ်ကင်းရှင်းရေး၊ အသက်ရှည်၍ အနာမဲ့နေကြိုးစားပေးဖို့ ကျရာနေရာက ပိုင်းခန်းကူညီဆောင်ရွက်ကြရန် အထူးပင်လိုအပ်ပါသည်။ မြို့ပြလူမှုဘဝမြင့်မားရေးတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးသည် အထူးပင် အရေးကြီးသော အချက်ဖြစ်ပါကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းသူများနှင့် စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မိမိကိုယ်တိုင်၊ မိမိမိသားစုနှင့် မိမိတို့ရပ်ရွာအတွင်း စည်းကမ်းရှိ၍ တာဝန်သိသူများကို မွေးထုတ်အပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၉

ယနေ့နှင်းက ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မလေ၏ ပုဗ်မှအပူချိန်ခန်းသာရှိပြီး ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မလေ၏ ပုဗ်မှအပူချိန်ခန့်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မလေ၏ ပုဗ်မှအပူချိန်ခန့်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** သိမ်ဖရုပ်မြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော် (ရေဆင်း)၊ နေပြည်တော်ပျဉ်းမနား၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၃ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ ပိုးရေခိုန်များမှာ** ၎င်္ဘီမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ပုတာအိုမြို့တွင် သုည ဒသမ ၆၇ လက်မ၊ မချမ်းဘောမြို့နှင့် ကော့သောင်းမြို့တို့တွင် သုည ဒသမ ၅၅ လက်မစီ၊ ပြင်ဦးလွင်မြို့တွင် သုည ဒသမ ၃၉ လက်မနှင့် အောင်လံမြို့တွင် သုည ဒသမ ၀၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၀ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လွှင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့တ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် သိပေါမြို့ ဇာတ်စုရပ်ကွက် ထောင်ကြီးလမ်းအရှည် ၉၄၅ ပေအား ကတ္တရာထပ်ပိုလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး တွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုင်းကက်နက် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဗိုလ်တထောင် ဆိပ်ကမ်းမြို့နယ် စုပေါင်းလမ်းလျှောက် အားကစားအဖွဲ့ဝင်များ၏ တတိယအကြိမ် စီတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)မှ သူနာပြုအုပ်ဆရာမကြီးက ဝုတ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

(ကြေးမုံ)

မအူပင်ခရိုင် မီးသတ်တပ်ဖွဲ့ နှေ့ အခမ်းအနားကျင်းပ အပေါ့စားမီးသတ်စက် စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

မအူပင် မေ ၉

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီက မအူပင်မြို့ ထိုးလွှေ၀ါခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအေးသောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးရည်မွန်၊ အမှုပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမင်းထွန်းဝင်း၊ မအူပင်ခရိုင်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြတ်ထွန်းရိ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ် (၁၂)ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးရည်မွန်က အဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ အပေါ့စားမီးသတ်စက် စွမ်းရည်ပြိုင်ပွဲဆုများကို ပေးအပ်ချီးမြှင့်ရာ ပထမဆုကို အမှတ်(၈) ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့၊ ဒုတိယဆုကို အမှတ်(၇)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ နှင့် တတိယဆုကို အမှတ်(၁၁)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များဟု ခရိုင်ဥက္ကဋ္ဌ ဦးအေးသောင်း၊ မြို့နယ်ဥက္ကဋ္ဌဦးရည်မွန်၊ အမှုပင်ခရိုင် မီးသတ်ဦးစီးဌာန ဒုတိယဦးမှူး ဦးမြတ်ထွန်းရိတို့က ဆုများ အသီးသီး ပေးအပ်ပြီး ပထမဆုရရှိသော အမှတ်(၈) ရပ်ကွက်မှ အပေါ့စားမီးသတ်စက်ဖြင့် စက်ပွဲမ်းရည် လက်တွေ့သရုပ်ပြကြသည်။ (၁၄၂)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရထားလမ်းဟောက်လုပ်ရေစီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဦးအောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် မေ ၇ ရက် နံနက်ပိုင်းတွင် ဟသ်တ-ညောင်တုန်းလမ်းပိုင်းရှိ ဟသ်တဘူတာနှင့် ဒူးယားဘူတာအကြား၌ ကျောက်ထည်ခြင်း၊ ကွန်ကရစ်လင်္ကာခင်းခြင်းနှင့် သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့် ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ သံလမ်းလုပ်သားများအား ချီးမြှင့်ငွေပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် မြေသားတာပေါင်းများဆောင်ရွက်နေမှုနှင့် ဒူးယားရွာအနီး ဒူးယားဘူတာ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာကာ ဇလွန်ဖြို့အနီး ဇလွန်ဘူတာ တည်ဆောက်နေမှုနှင့် ဘူတာယာဉ်ဝင်း မြေသားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဇလွန်ဖြို့ရှိ ဟသ်တ-ညောင်တုန်း (ဧရာဝတီမြစ်ကူးတံတား) ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ဟသ်တ-ဇလွန်လမ်းပိုင်း စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်း အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ဘဝရော်ဘူတာနှင့် ဆင်ခေါင်းဘူတာအကြား၌ စက်ယန္တရားများဖြင့် မြေကြီးတာပေါင်းများ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဆင်ခေါင်းဘူတာ တည်ဆောက်နေမှုနှင့် မန္တလေး ကုန်းချောင်း တံတားအတွက် ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင် ပြုလုပ်နေမှုကို လည်းကောင်း၊ ဆင်ခေါင်းကျေးရွာအနီး အရှည် ၂၂၆ ပေရှိ မန္တလေးကုန်းချောင်း တံတား တည်ဆောက်နေမှုကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အိမ်မဲမြို့ရွှေ ရန်ကုန်-ပုသိမ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ပုသိမ်(ဘဝရက်)-အိမ်မဲ-ပန်းတနော်(ဇွန်လောင်းလမ်းဆုံ)လမ်းပိုင်းရှိ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် တံတားတည်ဆောက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ အိမ်မဲမြို့နယ် ဥက္ကဋ္ဌက နယ်မြေဒေသအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ် သည်များဖြည့်ဆည်းမှာကြား၍ စက် ယန္တရားများဖြင့် မြေသားတာပေါင်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒီးဒုတ် ရေနက်ကွင်းမှ ရေများကို သုံးငွေချောင်းသို့ စက်ယန္တရား များဖြင့် ဖောက်ချနေမှု၊ ရွှေလောင်း လမ်းဆုံအနီး ရထားလမ်းဖြတ်သန်းမည့် မြေနေရာနှင့်လိုင်းသာယာနှင့် ညောင်တုန်း အကြားရှိ ညောင်တုန်းမြို့နယ် မဲဇလီ ကျေးရွာအနီး၌ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းများ ဆောင်ရွက်နေမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် လိုင်းသာယာ မြို့အနီးရှိ ရန်ကုန်-ပုသိမ် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း လိုင်းသာယာ-ညောင်တုန်းအပိုင်း စီမံကိန်းရှင်းလင်း ဆောင်၌ တာဝန်ရှိသူတို့၏ လုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေ တင်ပြ ချက်များအပေါ် လိုအပ်သည်များမှာကြား ကာလိုင်းသာယာဘူတာယာဉ်ဝင်းမြေသား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဏ္ဏားပြုဆုငွေ ပေးအပ်

မောင်တော မြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပုဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၉ ရက် နံနက်ကတျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဘလွမောင် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးရ မောင်ကျော်မိုးနိုင်အား ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။ (ကြေးမုံ)

မြန်မာပိုစ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၉

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၁၇) ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံ လမ်းထောင့်ရှိ United Media Group က မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေ ဖြန့်ချိလိုက်ပြီးဖြစ်သည်။

ရသစုံ

မြန်မာပို့စ်ဂျာနယ်တွင် မြို့တော်ရန်ကုန် ပြည်သူငါးသန်းကျော်အတွက် နေ့စဉ် ရေဂါလန် ၁၄၅ သန်း ဖြန့်ဝေလျက်ရှိ၊ ရေအခက်အခဲရှိသည့် ရပ်ကွက်များသို့ ရေဂါလန် ၆၀၀၀ ဆုံ ရေသယ်ယာဉ် ၂၆ စီးဖြင့် နေ့စဉ်ပေးပို့၊ သွင်းကုန်အစားထိုး ပြည်တွင်းထုတ်ရေပိုက်များ ရေပေးဝေ ရေး၊ အဝိစီတွင်း မြစ်ရေတင်၊ စိုက်ပျိုးရေး လုပ်ငန်းတို့တွင် အသုံးတွင်ကျယ်လာပြီး နိုင်ငံအချို့သို့တင်ပို့နေရာ၊ နီလာရိုးမ ပုဂ္ဂလိကစက်သုံးဆီဆိုင် စတင်ဖွင့်လှစ် ရောင်းချနေပြီ၊ ပုဂ္ဂလိက စက်သုံးဆီဆိုင် အားလုံး မေ ၁၅ ရက်တွင် ရောင်းချမည်၊ နိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ်မီးလောင်မှု ပမိမ်းမှုအကြိမ် ၁၁၀၀ ခန့်ဖြစ်ပွား၊ တစ်ရွာလုံး သီလမြဲ၊ သက်သတ်လွတ်စား၊ ကရင်ရိုရာဝတ်စုံအမြဲဝတ်သောကရင်ကျေးရွာကြီး စသည့်သတင်းဆောင်းပါးများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ကိုကိုလှိုင်၊ ဒေါက်တာ အောင်ကိုကိုတို့၏ လေ့လာမှတ်သားဖွယ် ရသစုံဆောင်းပါးများကို ဖော်ပြထား သည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀ ပြည့် နှစ်ဧရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အမျိုး သားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံခြင်း၊ အမျိုးသား နိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်နှင့် ပြည်ထောင်စုဓိမိုကရေစီပါတီတို့မှ တာဝန် ရှိသူများ၏ နိုင်ငံရေးအစဉ်အလာများကို စုစည်းတင်ပြထားသည့် "သူတို့အမြင် သူတို့အကြောင်း"စသည်ဖြင့် စုံလင်စွာ ဖော်ပြထားသည်။

အပတ်စဉ် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှား ထူးခြားဖြစ်စဉ်များ၊ မွေခင်းစုံ စသည့် ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြ ပါရှိသည်။

ထို့ပြင် ၂၃၂ ယာဉ်လိုင်းတွင် ယာဉ် စီးခထည့်သေတ္တာများ အပြီးသတ် တပ်ဆင်တော့မည်၊ သီတဂုရောဝတီ အလျှမ္မ နာဂစ်ဒေဒသများသို့ လျှပ်ဒါန်းငွေ ၈ ဒသမ ၈ ဘီလီယံရှိမှု၊ ဒေ၊ ဆိပ်ကြီး ခနောင်တိုအရောက် ရန်ကုန်ပေါက်မှ ရေပေးနေ၊ ရန်ကုန်-ပုဂံနေ့ချင်းပြန် ဘုရား ဖူးနိုင်ပြီ စသည့်သတင်းများလည်း ပါဝင် သည်။

(သတင်းစဉ်)

အဝိမ္ဘာ စာမှာရှိ

ပုဂံမင်းဆက်များရာဇဝင်စာအုပ် ပထမအကြိမ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၉

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ ပထမမြန်မာနိုင်ငံတော်ကို ပုဂံ ဖြို့ဟောင်းတွင် ခရစ်နှစ် ၁၀၇ ခုနှစ်မှ ၁၃၆၈ခုနှစ် အထိတိုင် နန်းစိုက်ခဲ့သည့် ပုဂံမင်း(၅၅)ဆက်တို့အကြောင်းကို စုစည်းဖော်ပြထားသည့် စာရေးဆရာ တက္ကသိုလ် မောင်သုလှိုင် ရေးသားပြုစုထားသော **"ပုဂံမင်းဆက်များရာဇဝင်"** စာအုပ်ကို ရွှေမြန်မာစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဆက်သွယ်ဝယ်ယူနိုင်

ထိုစာအုပ်တွင် ပုဂံပြည်ကြီးစတင်တည်ထောင်ပုံ သမိုင်းအကျဉ်းနှင့်အတူ ပုဂံပြည်ကြီးကို စတင်တည်ထောင်ခဲ့သော သမုဒ္ဒရာဝင်မင်းမှသည် နောဂံဆုံးမင်းဆက် စောမွန်နန်းမင်းသို့တိုင် ပုဂံမင်း အဆက်ဆက်တို့၏ အထွဋ်ပုထွိအကျဉ်းကို ၎င်းတို့၏ စွမ်းဆောင်ချက်များနှင့်အတူ တစုတစည်းတည်းဖော်ပြထားသည်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုဂံညောင်ဦးတို့ရှိ စာအုပ်ဆိုင် ကြီးများနှင့် ရွှေမြန်မာစာပေ ဖုန်း-၀၉-၅၀၀၆၃၇၂၄၄၊ ဖုန်း-၅၄၁၆၀၆၆တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဗျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး လုပ်ငန်း ဖြစ်သော အောင်သာရေစင်ရေတင်မှုမှ ရေပေးဝေမှုအခြေအနေကို အမှုဆောင် အရာရှိ ဦးမောင်စိုးနှင့် အင်ဂျင်နီယာ ဖူး ဦးအောင်မိုင်ဦးတို့ ကြည့်ရှုစစ်ဆေး စဉ်။ (သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်(၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်းပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက် အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော် အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွှင်တီး ခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ် သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ် စေခြင်းနှင့်ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ် လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်ပါ။

(၆) အလင်းရောင်ပြန်သောအဖြူရောင် သို့မဟုတ် အရောင် ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေး သူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်း တွင် အရိပ်ရ၍ လေဝင်လေထွက် ကောင်းသောနေရာမျိုးဌာ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာ ရေးဌာန တွင်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မေမွေပုဇာတေး
၇း၂၀ ၄။ ယိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံပုတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိန်းဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြတိုရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ ယိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြိစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဦးစီဒီကျော်ကြားတေးများ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀ ၁၂။ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းဆာ (အပိုင်း-၂၆)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ Talk of The Town
၁၉။ မေးမြန်းစုံးစမ်း
၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၁၉)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

☆ရွှေဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီးဒေသခံပြည်သူများ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့ဆက်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရာဇဝိုင်တံတား အမှတ်(၁) တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ရှင်းလင်းဆောင်ရွက်မှုနေ၍ တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတိုင်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတွင်းရှိ လမ်းမကြီး ၁၀ လမ်း၌ ပါဝင်သော အမှတ်(၁) လမ်းမကြီးဖြစ်သည့် မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း (၄၃မိုင် ၅ ဖာလုံ)၊ မော်လမြိုင်ကျွန်း- လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း(၆၉မိုင် ၃ဖာလုံ)၊ လပွတ္တာ-သယ်နီးကြီး- ပြင်စလူလမ်း (၃၅မိုင် ၂ဖာလုံ)၊ လပွတ္တာ-သုံးခွ-အုတ်တွင်း- ထိပ်ခွန်းလမ်း (၃၉မိုင်)၊ ဘိုကလေး- ကြိမ်ချောင်း- ကဒုံကန်လမ်း (၄၁မိုင် ၂ဖာလုံ)၊ ဘိုကလေး-စက်ဆန်း - ထော်ပိုင် - အမာလမ်း (၃၈မိုင် ၅ဖာလုံ)၊ ဖျာပုံ- ကျိုက္ခန်း- ဒေါင်ငြိမ်း-အမာလမ်း(၅၁မိုင် ၅ဖာလုံ)၊ ကျိုက္ခန်း-စက်ဆန်း လမ်း(၁၉မိုင်၁ဖာလုံ)၊ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း (၉၆မိုင်)နှင့် ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါး ခယ်မ-မြောင်းမြလမ်း (၆၆မိုင်) တို့ကို ပြည်သူ့ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူ တည်ဆောက်ခဲ့သော အရှည်ပေ ၅၄၀ ရှိ ရာဇဝိုင်တံတား အမှတ်(၂)ကို ၉-၁-၂၀၁၀ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့မှု၊ ယခုတည် ဆောက်ဆဲ ရာဇဝိုင်အမှတ် (၁) တံတား၏ ၈၃ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှုလုပ်ငန်းလျာထား ချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း တွင်ပါဝင်သော လမ်းမကြီး ၁၀ လမ်းဖြစ်သည့် မအူပင်- ရေလဲကလေး- ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း (၄၃မိုင် ၅ ဖာလုံ)၊ မော်လမြိုင်ကျွန်း- လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း(၆၉မိုင် ၃ဖာလုံ)၊ လပွတ္တာ-သယ်နီးကြီး- ပြင်စလူလမ်း (၃၅မိုင် ၂ဖာလုံ)၊ လပွတ္တာ-သုံးခွ-အုတ်တွင်း- ထိပ်ခွန်းလမ်း (၃၉မိုင်)၊ ဘိုကလေး- ကြိမ်ချောင်း- ကဒုံကန်လမ်း (၄၁မိုင် ၂ဖာလုံ)၊ ဘိုကလေး-စက်ဆန်း - ထော်ပိုင် - အမာလမ်း (၃၈မိုင် ၅ဖာလုံ)၊ ဖျာပုံ- ကျိုက္ခန်း- ဒေါင်ငြိမ်း-အမာလမ်း(၅၁မိုင် ၅ဖာလုံ)၊ ကျိုက္ခန်း-စက်ဆန်း လမ်း(၁၉မိုင်၁ဖာလုံ)၊ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း (၉၆မိုင်)နှင့် ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါး ခယ်မ-မြောင်းမြလမ်း (၆၆မိုင်) တို့ကို ပြည်သူ့ဆောက်လုပ်ရေး

လုပ်ငန်းနှင့် ပုဂ္ဂလိက ကုမ္ပဏီများ ပူးပေါင်းဖောက်လုပ်နေမှု၊ လမ်းများပေါ်ရှိ တံတားများ တည်ဆောက်ပြီးစီးမှု၊ နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသများ၌ Cyclone Shelter အလုံး ၂၀ တည်ဆောက်ပြီးစီးမှုနှင့် သက်ကယ်ကုန်းမြင့်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက လမ်းတံတားများကို ရေရှည်ခိုင်ခံ့သေသပ်စေရန် အလေးထားလုပ်ဆောင်ရန် ညွှန်ကြားခဲ့ကြောင်း၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးရန် ကြိုးပမ်းဆောင်ရွက်ပေးရန် ဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မော်လမြိုင်ကျွန်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေကြသူများအား ရင်းရင်းနှီးနှီးအားပေးနှုတ်ဆက်စဉ်။(သတင်းစဉ်)

ဝရုပြုရမှာဖြစ်သကဲ့သို့ ငွေကြေးပိုင်းနှင့် ပစ္စည်းပိုင်းများ၌လည်း အလေအလွင့် အပြုန်းအတီး မရှိစေရန် စနစ်တကျထိန်းသိမ်းကြရန် အရေးကြေးကြောင်း၊ သဘာဝ ဘေးအန္တရာယ်ဆိုသည်မှာ မုန်တိုင်းတိုက်ခတ်ပြီး ရေကြီးရေမြေပ်မှု မျိုးများအပြင် မိုးခေါင်မှု၊ သောက်သုံးရေ ရှားပါးမှုဆိုသည့် အခြားဘေးအန္တရာယ် အမျိုးမျိုးလည်း ပါရှိကြောင်း၊ မည်သည့် သဘာဝဘေးအန္တရာယ်ကိုပင် ဖြစ်စေ မိမိတို့ရင်ဆိုင်ဖြေရှင်းနိုင်အောင် အစစပြင်ဆင်ဆောင်ရွက်ထားကြရမှာပင် ဖြစ်ကြောင်းဖြင့် လမ်းတံတားများ စနစ်တကျ တည်ဆောက်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် တည်ဆောက်လျက်ရှိသည့် တံတား တည်ဆောက်ရေးလုပ်ငန်း အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရာဇဝိုင်တံတားအမှတ်(၁)သည် ရာဇဝိုင်မြစ်အား ဖြတ်ကျော်လျက် လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် နွားရေကျော်-ညောင်ရမ်းကျေးရွာအုပ်စု ကညင်ခဲကျေးရွာနှင့် မော်လမြိုင်ကျွန်းအနီးရှိ ရေလိန်ကျွန်းတို့ကို ဆက်သွယ်ထားသည့် တံတားကြီးဖြစ်သည်။

တံတားကြီးသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတွင်းရှိ လမ်းမကြီး ၁၀ လမ်း အနက်မှ အမှတ်(၁) လမ်းမကြီးဖြစ်သော မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ အမှတ်(၂)လမ်းမကြီး ဖြစ်သော မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်းနှင့် အမှတ်(၁၀) လမ်းမကြီးဖြစ်သော ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း စသည့် လမ်း(၃)လမ်းနှင့် ဆက်စပ်

နိုင်ငံတော် အေးချမ်းသာ
ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေ
ကျေးရွာ Cyclone Shelter အ
ကျောင်းနဲ့ကို ကြည့်ရှုစစ်ဆေးစဉ်။

မော်လမြိုင်ကျွန်းမြို့ ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။
(သတင်းစဉ်)

ရာဇဝိုင်တံတား အမှတ်(၁)

မအူပင် - ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်း လမ်းပိုင်းပေါ်ရှိ ရာဇဝိုင်တံတား အမှတ်(၁)ကို ဝေဖန်မှု တွေ့ရစဉ်။
(သတင်းစဉ်)

☆ ရာဇဝိုင်တံတားအ
ကျော်လျက် လပွ
ရေကျော်-ညောင်
မော်လမြိုင်ကျွန်း
ထားသည့် တံတ
☆ တံတားကြီးတည်
တည်ရှိခဲ့သော
တောင်မှော်-ရေလ
နိုင်ငံအရပ်ရပ်သို့
သွားလာနိုင်တော

အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရာဇဒိုင်တံတားအမှတ်(၁)သည် ရာဇဒိုင်မြစ်အား ဖြတ်ကျော်လျက် လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် နွားရေကျော်-ညောင်ရမ်းကျေးရွာအုပ်စု ကညင်ခဲကျေးရွာနှင့် မော်လမြိုင်ကျွန်းအနီးရှိ ရေလိန်ကျွန်းတို့ကို ဆက်သွယ်ထားသည့် တံတားကြီးဖြစ်သည်။

တံတားကြီးသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတွင်းရှိ လမ်းမကြီး ၁၀ လမ်း အနက်မှ အမှတ်(၁) လမ်းမကြီးဖြစ်သော မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ အမှတ်(၂)လမ်းမကြီး ဖြစ်သော မော်လမြိုင်ကျွန်း-လိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်းနှင့် အမှတ်(၁၀) လမ်းမကြီးဖြစ်သော ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမင်း-ဝါးခယ်မ-မြောင်းမြလမ်း စသည့် လမ်း(၃)လမ်းနှင့် ဆက်စပ်တည်ရှိပြီး တံတားကြီးတည်ဆောက်ပြီးစီးပါက ကျွန်းထီးတည်းအဖြစ် တည်ရှိခဲ့သော မော်လမြိုင်ကျွန်းမြို့သည် ကျိုက်ပိ-ရွှေတောင်မှော်-ရေလဲကလေး - မအူပင်လမ်းမှ တစ်ဆင့် မြန်မာနိုင်ငံ အရပ်ရပ်သို့ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။

တံတားမှာ တစ်လမ်းသွားကားလမ်း တံတားဖြစ်ပြီး အရှည်သည် ၁၉၅၅ ပေရှိသည့် သံကူကွန်ကရစ် ဘိုးပိုင်၊ သံကူကွန်ကရစ်တိုင်ကိုယ်ထည်နှင့် သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွှန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် မော်လမြိုင်ကျွန်းမြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ခုတင်(၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး ဆေးရုံတည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတွင်လာရောက် ဆေးဝါးကုသမှု ခံယူကြသူများအား ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်သည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့မှ တစ်ဆင့် ရာဇဒိုင်ကျွန်းမြို့နယ် ခမင်းဆိပ်ကျေးရွာသို့ ရောက်ရှိကြရာ ဟိုတယ်နှင့် ခန့်သွားလာရေး လုပ်ငန်း၀န်ကြီးဌာန ဝန်ကြီးဦးဗိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ခမင်းဆိပ်ကျေးရွာ၌ Cyclone Shelter ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ ယင်းအဆောက်အအုံ၌ အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်လှစ်ထားရှိမှု၊ ယုဇန ကုမ္ပဏီလီမိတက်က ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်း၀တ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်၊ မာလ်တီမီဒီယာနှင့် ဆက်စပ်ပစ္စည်းများ လျှပ်ဒါန်းထားမှုကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ဒေသခံတာဝန်ရှိသူများအား ဒေသအတွင်း သောက်သုံးရေကန်များတွင် ရေသိုလှောင်ထားရှိမှု အခြေအနေ၊ စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးအောင်မြင်မှုအခြေအနေများကို ဆွေးနွေးမေးမြန်းပြီး ကြေးမုံသတင်းစာ၏ ဒုတိယဗိုလ်ချုပ်မှူးကြီးအား Cyclone Shelter ပေါ်မှ ပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်ကျေးရွာသို့ရောက်ရှိကြပြီး ကျေးရွာရှိ အောင်မြေခုံးသာရကျောင်းတိုက် ပဓာနနာယက ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ဖျာပုံမြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ယင်နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ စည်ပင်ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဖျာပုံမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခမင်းဆိပ်ကျေးရွာ၌ Cyclone Shelter ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခမင်းဆိပ်ကျေးရွာ Cyclone Shelter အဆောက်အအုံတွင် ဖွင့်လှစ်ထားသော အခြေခံပညာအထက်တန်းကျောင်းခွဲကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးခန့်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်နေသည့် မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇဒိုင်တံတား အမှတ်(၁)ကို တွေ့ရစဉ်။ (သတင်းစဉ်)

- ☆ ရာဇဒိုင်တံတားအမှတ်(၁)သည် ရာဇဒိုင်မြစ်အား ဖြတ်ကျော်လျက် လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် နွားရေကျော်-ညောင်ရမ်းကျေးရွာအုပ်စု ကညင်ခဲကျေးရွာ နှင့် မော်လမြိုင်ကျွန်းအနီးရှိ ရေလိန်ကျွန်းတို့ကို ဆက်သွယ်ထားသည့် တံတားကြီးဖြစ်။
- ☆ တံတားကြီးတည်ဆောက်ပြီးစီးပါက ကျွန်းထီးတည်းအဖြစ် တည်ရှိခဲ့သော မော်လမြိုင်ကျွန်းမြို့သည် ကျိုက်ပိ-ရွှေတောင်မှော်-ရေလဲကလေး-မအူပင်လမ်းမှတစ်ဆင့် မြန်မာနိုင်ငံအရပ်ရပ်သို့ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်တော့မည်။

Cyclone Shelter

ဓမင်းဆိပ် ကျေးရွာရှိ Cyclone Shelter ဆောက်လုပ် ပြီးစီးမှုကို တွေ့ရစဉ်။

(သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

၂၀၁၀ AFC President' s Cup ဘောလုံးပြိုင်ပွဲစတင် ဘူတန်ကလပ်ကို အက်ရှ်ကာမက်အသင်း ဂိုးပြတ်သွင်းပြီး ပွဲဦးထွက်မျက်နှာပန်းလှ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၀ AFC President' s Cup ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ စတင်ကျင်းပရာ ဘုခ်မင်နစ္စတန်ကလပ် အက်ရှ်ကာမက်အသင်းက ဘူတန်ကလပ် ဒရက်စတား အသင်းကို ရွှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အက်ရှ်ကာမက်အသင်း - ရွှစ်ဂိုး
ဒရက်စတားအသင်း - ဂိုးမရှိ

အုပ်စု(၈)တွင် အိမ်ရှင်ရာနာပုံအသင်းနှင့်အပြိုင် ထိပ်ဆုံးနေရာကို လုရဖွယ်ရှိသည့် ဘုခ်မင်နစ္စတန်ကလပ် အက်ရှ်ကာမက်အသင်းမှာ ဂိုးပြတ်အနိုင်နှင့်အတူ ပွဲဦးထွက် မျက်နှာပန်းလှသွားသည်။

အက်ရှ်ကာမက်အသင်းမှာ ပွဲချိန် တစ်လျှောက်လုံး ဒရက်စတားအသင်း ဘက်ကို တောက်လျှောက်ဖိကစားနိုင်ခဲ့ပြီး အသင်းခေါင်းဆောင် နံပါတ်(၇) ရှာမူရာဒဲ့ဖ်မ်၏ တစ်ဖွဲ့တည်း လေးဂိုးသွင်းယူနှုန်းနှင့် အတူ ရှစ်ဂိုးပြတ်အနိုင်ရရှိခြင်းဖြစ်သည်။

အပျော်တမ်းကလပ်အသင်းဖြစ်သည့် ဒရက်စတားအသင်းမှာ ပရော်ဖက်ရှင်နယ် အသင်းတစ်သင်းဖြစ်သည့် ဘုခ်မင်နစ္စတန်ကလပ် အက်ရှ်ကာမက်အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိသလို အက်ရှ်ကာမက်အသင်းတွင် ဘုခ်မင်နစ္စတန်လက်ရွေးစင် ၁၂ ဦးပါဝင်နေ၍လည်း ပညာ၊ သင်္ဘာကွာခြားကာ ဂိုးပြတ်ရှုံးရခြင်း ဖြစ်သည်။ ရာသီဥတုပူပြင်းမှုကြောင့် အက်ရှ်ကာမက်အသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်သော်လည်း ပုံမှန်သာ ကစားသွားပြီး မိနစ် ၂၀တွင် ဆာကီဆော့ဗ်၊ ၃၉ မိနစ်တွင် အမာနော့ဗ်တို့ သွင်းယူသောနှစ်ဂိုးဖြင့်သာ ဦးဆောင်နိုင်ခဲ့သည်။ ပထမပိုင်းအပြီးတွင် ပွဲအစမှ တာဝန်ယူခဲ့သော တောင်ကိုရီးယားဒိုင်မှာ ကျန်းမာရေး အခြေအနေကြောင့် ဆက်လက် လုပ်ဆောင်နိုင်ခြင်းမရှိတော့ရာ အရန်ဒိုင် ဟောင်ကောင် ဒိုင် လူကြီးက ဒုတိယပိုင်းကို တာဝန်ယူဆောင်ရွက်ခဲ့ရသည်။

ဒုတိယပိုင်းတွင်လည်း အက်ရှ်ကာမက် အသင်းကသာ ပွဲကိုဂိုးမဲ့သွားပြီး ၅၆ မိနစ်တွင် အသင်းခေါင်းဆောင် ရှာမူရာဒဲ့ဖ်မ်က ပယ်နယ်တီမှတစ်ဆင့် တတိယဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဒရက်စတားအသင်းမှာ အက်ရှ်ကာမက် တိုက်စစ်ကို ထိန်းထားနိုင်ခဲ့သော်လည်း မိနစ် ၈၀ တွင် ခံစစ်ပိုင်းပြိုဆင်းကာ ၁၀ မိနစ်အတွင်း ငါးဂိုးပေးခဲ့ရခြင်းဖြစ်သည်။ အက်ရှ်ကာမက်အသင်းအတွက် နောက်ထပ်ဂိုးများကို ၈၆ မိနစ်၊ ၈၉ မိနစ်နှင့် ၉၁ မိနစ်တို့တွင် ရှာမူရာဒဲ့ဖ်မ က သုံးဂိုး၊ ၈၁ မိနစ်တွင် အမာနော့ဗ်နှင့် ၈၈ မိနစ်တွင် ဂါဇာကော့ဗ်တို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ (ကြေးမုံ)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်ပြိုကော်ဝန် ဦးအောင်သိန်းလင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစေ့စေ့နှင့် ရဟန်းပုံ အသင်းပိုင်ရှင် ဒေါက်တာမိုင်းဆမ်ထွန်းတို့ နှစ်ဖက်အသင်းအား ပွဲမစမီနှုတ်ဆက်စဉ်။

(ကြေးမုံ)

ယနေ့ပွဲ

(အောင်ဆန်းကွင်း)	(သုဝဏ္ဏကွင်း)
ညနေ (၃)နာရီခွဲ	ညနေ (၄)နာရီ
နာဂါကော့ဗ် - KRL	ဗာကက်ရှ် - ရီနောင်းစပို့ဗ်

ပရိမိယာလိဂ်ပြိုင်ပွဲများပြီးဆုံး ချယ်လ်ဆီးချန်ပီယံဆုဖလား ဆွတ်ခူး

/ ဝင်းတင် (ကြေးမုံ) /

လန်ဒန် မေ ၉

၂၀၀၉- ၂၀၁၀ ဘောလုံးရာသီ၏ အင်္ဂလန်ပရိမိယာလိဂ်နောက်ဆုံးပွဲစဉ်များကို ယနေ့ည ၉ နာရီခွဲက တစ်ပြိုင်တည်းကျင်းပခဲ့ရာ ချယ်လ်ဆီးအသင်းက ဝီဂန်ကို ရှုံ့ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပရိမိယာလိဂ် ချန်ပီယံဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အလားအလာကောင်း

ယခုပွဲတွင် ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲချိန် ၆ မိနစ်တွင် အနယ်လ်ကာ၊ ၃၂ မိနစ်တွင် လမ်းပတ် (ပယ်နယ်တီ)၊ ၅၄ မိနစ်တွင် ကာလူး၊ ၅၇ မိနစ်တွင် အနယ်လ်ကာ၊ ၆၃ မိနစ်တွင် ဒရော်ဘာ၊ ၆၈ မိနစ်တွင် ဒရော်ဘာ(ပယ်နယ်တီ)၊ မိနစ် ၈၀ တွင် ဒရော်ဘာနှင့် မိနစ် ၉၀ တွင် အက်ရှ်လေကိုးတို့က သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ယခုနှစ်တွင် ပရီမိယာလိဂ်ဖလားကို ရယူနိုင်ခဲ့သည့် အပြင် အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ပို့စ်မောက်အသင်းနှင့် ဝိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်ခြင်းကြောင်း ယခုနှစ်ရာသီတွင် နောက်ထပ်ဖလားတစ်လုံး ထပ်မံရရှိရန် အလားအလာအလွန်ကောင်းနေပြီဖြစ်သည်။

ဒုတိယဖြင့်သာကျေနပ်ရ

အိုးထရတ်ဖို့ဒ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် စတုတ်စီးတီးတို့ပွဲတွင် မန်ယူက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းသည် ယခုပွဲ အနိုင်ရရှိခဲ့သော်လည်း ချယ်လ်ဆီး၏နောက်က ဒုတိယဖြင့်သာ ကျေနပ်လိုက်ရပြီဖြစ်သည်။

ချန်ပီယံလိဂ်ဝင်ခွင့်

လာမည့်နှစ်ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်ဝင်ခွင့်ကို ချယ်လ်ဆီးနှင့် မန်ယူအပြင် ရမှတ် ၇၅ မှတ်ဖြင့် တတိယရသည့် အာဆင်နယ်နှင့် ရမှတ် ၇၀ မှတ်ဖြင့် စတုတ္ထရသည့် စပါးတို့ အသီးသီးရရှိခဲ့သည်။

ယူရိုပါလိဂ်နှင့်တန်းဆင်း

ယူရိုပါလိဂ်ဝင်ခွင့်ကို အဆင့် (၅)မှ မန်စီးတီး၊ အဆင့် (၆) မှ ဗီလာနှင့် အဆင့် (၇)မှ လီဗာပူးတို့ အသီးသီးရရှိခဲ့သည်။ ပရီမိယာလိဂ်မှ တန်းဆင်းသွားခဲ့ရသည့် အသင်းများမှာ အဆင့် (၁၈)မှ ဘရဲလ၊ အဆင့် (၁၉)မှ ဟားလ်စီးတီးနှင့် အဆင့် (၂၀)မှ ပို့စ်မောက်တို့ဖြစ်ကြသည်။

ပရီမီယာလိဂ်ဆုဖလားနှင့်အတူ အောင်ပွဲခံနေသည့် ချယ်လ်ဆီးအသင်းသားများအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အခြားပွဲရလဒ်များ

အာဆင်နယ်	၄ - ၀	ဖူလ်ဟမ်
ဗီလာ	၀ - ၀	ဘလက်ဘန်း
ဘော်လ်တန်	၂ - ၁	ဘာမင်ဂမ်
ဘန်လေ	၄ - ၂	စပါး
အဲဗာတန်	၁ - ၀	ပို့စ်မောက်
ဟားလ်စီးတီး	၀ - ၀	လီဗာပူး
ဝက်စ်ဟမ်း	၀ - ၀	မန်စီးတီး
ဝုလ်ဗာဟမ်တန်	၂ - ၁	ဆန်းဒါးလန်း

ပရိမိယာလိဂ်ပွဲစဉ်များအပြီး အသင်းများ၏ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၃၈	၂၇	၅	၆	၈၆
၂	မန်ယူ	၃၈	၂၇	၄	၇	၈၅
၃	အာဆင်နယ်	၃၈	၆	၉	၉	၂၇
၄	စပါး	၃၈	၂၁	၇	၁၀	၇၀
၅	မန်စီးတီး	၃၈	၁၈	၁၃	၇	၆၇
၆	ဗီလာ	၃၈	၁၇	၁၃	၈	၆၄
၇	လီဗာပူး	၃၈	၁၈	၉	၁၁	၆၃
၈	အဲဗာတန်	၃၈	၁၆	၁၃	၉	၆၁
၉	ဘာမင်ဂမ်	၃၈	၁၃	၁၁	၁၄	၅၀
၁၀	ဘလက်ဘန်း	၃၈	၁၃	၁၁	၁၄	၅၀
၁၁	စတုတ်စီးတီး	၃၈	၁၁	၁၄	၁၃	၄၇
၁၂	ဖူလ်ဟမ်	၃၈	၁၂	၁၁	၁၆	၄၆
၁၃	ဆန်းဒါးလန်း	၃၈	၁၁	၁၁	၁၆	၄၄
၁၄	ဘော်လ်တန်	၃၈	၁၀	၉	၁၉	၃၉
၁၅	ဝုလ်ဗာဟမ်တန်	၃၈	၉	၁၁	၁၈	၃၈
၁၆	ဝီဂန်	၃၈	၉	၉	၂၀	၃၆
၁၇	ဝက်စ်ဟမ်း	၃၈	၈	၁၁	၁၉	၃၅
၁၈	ဘန်လေ	၃၈	၈	၆	၂၄	၃၀
၁၉	ဟားလ်စီးတီး	၃၈	၆	၁၂	၂၀	၃၀
၂၀	ပို့စ်မောက်	၃၈	၇	၇	၂၄	၃၉

ဂိုးအများဆုံးသွင်းသူများ

ဒရော်ဘာ	ချယ်လ်ဆီး	၂၉ ဂိုး
ဝိန်းရွန်နေး	မန်ယူ	၂၆ ဂိုး
ဒါရင်ဘန့်	ဆန်းဒါးလန်း	၂၄ ဂိုး
တိုဇက်ဇ်	မန်စီးတီး	၂၃ ဂိုး
လမ်းပတ်	ချယ်လ်ဆီး	၂၂ ဂိုး

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၅-၂၀၁၀ (တနလ်ာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အဂ္ဂလမင်္ဂလ(ယဉ်ကျေးမှုနှင့်ဓလေ့ရေး-ဂီတစာဆိုမိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချီတေးမင်္ဂလာတေး
၇း၅၅ ၆။ "လက်ဆေးပြီးပြီလား"
၈း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးသံသာ
၈း၁၀ ၈။ ချစ်ရာဇာအရွယ်ကကြိုးသွယ်
၈း၂၅ ၉။ အတီးပြိုင်ပွဲ
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ AFC President's Cup 2010
ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
F.C Vakhsk(TJK) အသင်းနှင့် RenownSport Club(SRI) အသင်း
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
၇း၀၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တို့အတူရှိစဉ်တုန်းက" (အပိုင်း-၁၉)**
၈း၀၀ ၇။ ပြည်ထောင်စုသတင်း
၈။ နိုင်ငံတကာသတင်းများ
၉။ မိုးလေဝသအခြေအနေ
၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေဆွာနုနု" (အပိုင်း-၁၃)**
၁၁။ "သုခုမရင်ပြင်"
၁၂။ အစီအစဉ်ပြီး၏။

အားကစား မြင့်တင် စိတ်လန်းရှင် ဆန့်ကျင် ပူးပေါင်းဆောင်

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် မေ ၉

ဗိုလ်မှူးချုပ်မိုးလွင်သည် ကစား ဖော်များဖြစ်ကြသော ဗိုလ်မှူးကြီး တင်ဝင်း၊ ဦးလှကြီး၊ ဦးစောထွေး၊ ဦးညီဝဲတို့နှင့်အတူ မေ ၉ ရက်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့ အောင်မြေရတနာ ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titlelist Pro V-1 No-4 ဘောလုံးကို XX 10 MP-500 No-6 တုတ် ဖြင့် ရိုက်လိုက်ရာ ၁၇၇ ကိုက် အကွာ၌ရှိသော ကျင်းအမှတ် (၈) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင် သွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ငါးရစ်ငါးသန် ဘေးမဲ့ချုန် ပုံမှန်စားသုံး မျိုးမသုဉ်း

Job Vacancy (For Local Service Only)

WIN Consulting Ltd is seeking for a highly qualified staff for the following position:

Accountant (Male or Female) 1 Position

Required Qualifications

1. Applicant must be at least B.Com, C.P.A.
2. Must have minimum 3 years' experience in accounting field.
3. Must be prepared to stay in Mandalay to provide full time service.
4. Must be able to communicate in English fluently.
5. Must have good skill in business corresponding.
6. Must be familiar with Myanmar Financial Reporting Standards for Small and Medium-sized Entities (MFRS for SMEs), Myanmar Companies Act, Income-tax Law, Rules & Regulations and other existing Laws, Rules and Regulations.
7. Must be skillful in using Computerized Accounting Software, Microsoft Word and Excel.

Candidates who are trustworthy, self-motivated and outstanding, willing to learn, able to focus on work, be hospitable, able to communicate in courteous manner will be very welcome. The applicant must also have positive working attitude with pleasant and professional personality.

Interested persons are invited to submit C.V with recent photo, copy of labour registration, describing work experience from graduation till present and expected salary not later than May 31, 2010 to the following address.

WIN Consulting Ltd. Room # 2 D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon. Tel: 245071, 201798, 296164
9:00 a.m to 5:00 p.m.

လူမှုဒုက္ခ ဝေးလိုက စဉ်ပမီးဘေး ကာကွယ်ပေး

အင်အားပြင်း မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၉

မေ ၉ ရက် မွန်းလွဲ ၁၂ နာရီ ၃၄ မိနစ် ၀၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၉၁၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံဆူမားတြားမြောက်ပိုင်း)ကို ပဗိုပြု၍ အင်အားရစ်ချိတာစကေး ၇ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နေပြည်တော် INAX အရောင်းပြခန်းဖွင့်ပွဲနှင့် SONY, LG, T-Home Electronics ပစ္စည်းများ အရောင်းမြှင့်တင်ပွဲကျင်းပ

နေပြည်တော် မေ ၉

ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော INAX ကြွေပြာ၊ ကျောက်ပြားများနှင့် ရေချိုးခန်းသုံးပစ္စည်းများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိနေသော TMW Enterprise Ltd. ၏ နေပြည်တော် INAX အရောင်းပြခန်း၊ ဖွင့်ပွဲနှင့် SONY, LG, T-Home Electronics ပစ္စည်းများ အရောင်းမြှင့်တင်ပွဲကို ယနေ့နှစ် ၈ နာရီခွဲတွင် နေပြည်တော် သိရိရထနာ အဆင့်မြင့်ဧည့်ရှိ အမှတ် (၁၅၁/၁၅၃) ၌ ကျင်းပသည်။

ယခုဖွင့်လှစ်လိုက်သည့် နေပြည်တော် INAX အရောင်းပြခန်းတွင် ၂၀၁၀ ခုနှစ် နောက်ဆုံးပေါ် ကြွေပြာ၊ ကျောက်ပြား ဒီဇိုင်းမျိုးစုံကို အရောင်အသွေး စုံစုံလင်လင် ပြသရောင်းချပေးနေသည့် အပြင် အသက်ရှူကျောက်ပြား (Ecocarat) ဒီဇိုင်းမျိုးစုံကိုလည်း တွေ့မြင်နိုင်သည်။ အသက်ရှူကျောက်ပြား (Ecocarat) ၏ ထူးခြားချက်များမှာ အခန်းတွင်း စိုထိုင်းဆမြင့်လာပါက ရေငွေ့များကို စုပ်ယူပေးပြီး ခြောက်သွေ့နေပါက စုပ်ယူထားသော ရေငွေ့များကို ပြန်လည်ထုတ်လွှတ်ပေးခြင်းအားဖြင့် ကျန်းမာရေးအတွက် သင့်လျော်သော စိုထိုင်းဆ(၄၀ ရာခိုင်နှုန်း ၇၀ ရာခိုင်နှုန်း)ကို အစဉ်ထိန်းသိမ်းပေးထားသည်။

အသက်ရှူကျောက်ပြားသည် ပိုးမွှားပေါက်ပွားမှုနှင့် မှိုတက်မှုတို့ကို ထိန်းချုပ်ထားနိုင်ခြင်းကြောင့် ဓာတ်မတည့်ရောဂါ (Allergy) ဖြစ်ပွားမှုကို သက်သာစေနိုင်သည့်အပြင် အခန်းတွင်းရှိ မလိုလားအပ်သော မွှန်မှုန့်၊ အိမ်မွေးတိရစ္ဆာန်များ၏ အနံ့၊ ဆေးလိပ်နှင့် မီးဖိုချောင်ထွက် အမြှိတ်သဖိုက်များ၏ အနံ့အသက်များကို လျော့နည်းစေပြီး အခန်းတွင်းရှိ လေထုကို အပြသန့်ရှင်းလတ်ဆတ်စေသည်။ အန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများ လုံးဝ မပါရှိသည့်အပြင် ဆောက်လုပ်ရေး ပစ္စည်းများမှ ထွက်ရှိလာသော အန္တရာယ်ဖြစ်စေတတ်သည့် ဓာတုပစ္စည်းများကို စုပ်ယူပြီး လေထုကို သန့်ရှင်းအောင် ပြုလုပ်ပေးသည်။ ကြွေသားဖြင့် ပြုလုပ်ထားသောကြောင့် နေပူလောင်ခြင်း၊ အပူဓာတ်ကြောင့် အရောင်ပြောင်းသွားခြင်းမျိုး မရှိသည့်အပြင် ခြစ်ရာများ ဖြစ်ပေါ်လာရန် ခက်ခဲသည့် ထူးခြားကောင်းမွန်သော ခံနိုင်ရည်ရှိသည့် ဂုဏ်သတ္တိမျိုးကို လည်း တွေ့မြင်နိုင်သည်။

အသက်ရှူကျောက်ပြား ကပ်ထားသော နံရံများတွင် ညစ်ပေစွန်းထင်းသွားပါကလည်း ခဲဖျက်ဖြင့် အလွယ်တကူ သန့်ရှင်းနေ လုပ်ဆောင်နိုင်သည်။ ရေချိုးခန်းသုံးပစ္စည်းများတွင်လည်း ဂျပန်နည်းပညာများဖြင့် ထုတ်လုပ်ထားသော နောက်ဆုံးပေါ် ဒီဇိုင်းမျိုးစုံသာမက မြန်မာပြည်နှင့် အထူးသင့်လျော်သော ရေကို ချွေတာသည့် စနစ်ပါရှိသော ရေဆွဲ ခလုတ်နှစ်မျိုးပါသည့် အိမ်သာအိုးများ နှင့် မီသားစုတိုင်း၏ ရေချိုးခန်းတွင် အသုံးဝင်သော ဘေစင်၊ ရေခေါင်း အစရှိသည်တို့ကို ဒီဇိုင်းမျိုးစုံ ပြသ ထားသည်။

SONY, LG, T-Home Electronics ပစ္စည်းများ အရောင်းမြှင့်တင်ပွဲ ပြခန်းတွင် ၂၀၁၀ ခုနှစ် SONY LCD Model မျိုးစုံ၊ နေအိမ်တွင် ရုပ်ရှင်ရုံတစ်ရုံအသွင် နှင့်မခြား ကြည့်ရှုခံစားနိုင်သော Home Theater များ၊ မိမိဘဝ၏ အမှတ်တရ အခါသမယများကို VIDEO မှတ်တမ်း တင်နိုင်သော Handycam များ၊ မီသားစု ပေါ့ခွင်စွာ ရိုက်ကူးနိုင်သော SONY ၏ ဒီဇိုင်းလှပသော Cybershot Camera များနှင့် အခြား SONY ပစ္စည်းမျိုးစုံကို စုံစုံလင်လင် ပြသထားသည်။

ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သော LG Electronics များတွင်လည်း ၂၀၁၀ ခုနှစ်ထုတ် LCD TV, Plasma TV နောက်ဆုံးပေါ်တို့ကို ၂၂ လက်မမှ လက်မ ၅၀ အထိနှင့် လေအေးပေးစက်၊ အတင်လျှော်စက်၊ ရေခဲသေတ္တာ အစရှိသည့် အိမ်သုံးပစ္စည်းများကိုလည်း ပြသ ထားသည်။ TV, Water cooler, DVD အစရှိသည့် Electronics ပစ္စည်းများကို လည်း T-Home Brand တွင် တွေ့မြင်နိုင်ပြီး ကျန်းမာရေးအထောက်အကူပြု OTO Body care Product များဖြစ်သည့် ပြေးစက်၊ အနှိပ်ခုံ၊ ခြေထောက်နှိပ်စက်နှင့် မျက်စိအကြောဖြေစက်တို့ကို လည်း စုံစုံလင်လင် ပြသထားသည်။

TMW Enterprise Ltd. ၏ နေပြည်တော် အရောင်းပြခန်း ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အရောင်းပြခန်း အတွင်း ရောင်းချပေးနေသော INAX, SONY, LG, T-Home, OTO ပစ္စည်းများကို အထူးလျှော့ဈေးများ၊ လက်ဆောင်များဖြင့် ယနေ့မှ ၁၆ ရက် အထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ဝယ်ယူအားပေးလို သူများအနေဖြင့် အမှတ်(၁၅၁/၁၅၃)၊ သိရိရထနာ အဆင့်မြင့်ဈေး၊ နေပြည်တော် ဖုန်း-၀၆၇-၄၂၀၇၉၁၊ ၀၆၇-၄၂၀၉၆၆၊ ၀၆၇-၄၂၀၇၉၁ တို့တွင် ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

TMW Enterprise Ltd. ၏ နေပြည်တော် INAX အရောင်းပြခန်းဖွင့်ပွဲတွင် ကြွေပြာ၊ ကျောက်ပြားများ၊ ရေချိုးခန်းသုံး ပစ္စည်းများ၊ အီလက်ထရွန်နစ် ပစ္စည်းများနှင့် နောက်ဆုံးပေါ် နည်းပညာသုံးပစ္စည်းများကို လာရောက်ဝယ်ယူ အားပေးကြစဉ်။ (အပေါ်ပုံနှင့် ဝဲပုံ)

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး

65th Anniversary of the Victory in the Great Patriotic War (1941-1945) ညှဉ်ခံပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့သည် မေ ၈ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း အမှတ်(၃၈)ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၌ ကျင်းပသည့် 65th Anniversary of the Victory in the Great Patriotic War (1941-1945) ညှဉ်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ မြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီးများ၊ သံရုံးအရာရှိများ၊ စစ်သံမှူးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၌ ကျင်းပသည့် 65th Anniversary of the Victory in the Great Patriotic War (1941-1945) ညှဉ်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ မြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ (၉-၅-၂၀၁၀)

သိမ်ဇရပ်နှင့် ချောက်	၄၄	ဒီဂရီစင်တီဂရိတ်စီ
နေပြည်တော်(ရေဆင်း)	၄၃	ဒီဂရီစင်တီဂရိတ်
မင်းဘူးနှင့် မကွေး	၄၃	ဒီဂရီစင်တီဂရိတ်စီ